ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (26-9-2006) (၅၀၉၂)

မြန်မာတို့၏ ဆိုရိုးစကား

စကားကြီး (၁၀)မျိုး

ကောက်ပင်ရိတ်လှီး စကားပြောနည်း

စပါးရိတ်လျှင် ကောက်ပင်ကို လက်တစ်ဖက်ဖြင့် ဆုပ်သိမ်းကာ တံစဉ်ဖြင့် အရင်းမှဖြတ်၍ ရိတ်ယူသကဲ့သို့ တစ်ဖက်လူ၏စကားကို သိမ်းကျုံးဖမ်းယူပြီးမှ အရင်းကဖြတ်၍ ပိုင်လောက်အောင် ပြောဆိုခြင်းသည် "ကောက်ပင်ရိတ်လှီး" စကားပြောနည်းမည်၏။

ကောက်ပင်ရိတ်လှီး စကားပြောနည်းကို သာဓကအနေဖြင့် ပုံပြင်တစ်ခု ဆိုစမှတ်ပြုခဲ့သည်မှာ ရှေးအခါက ဥစ္စာပစ္စည်း ပေါကြွယ်များသည့် သူဌေးသားတစ်ဦးသည် မြားပစ်ရာဝယ် လွန်စွာကျွမ်းကျင်လှပါသည်။ တစ်ခါတွင် သူဌေးသားသည် ဗျိုင်းငှက်တစ်ကောင်အား အလွယ်တကူ ပစ်ယူရရှိခဲ့ရာ ဗျိုင်းငှက်နှင့်အနီး မလှမ်းမကမ်းတွင် ရှိနေသူတစ်ဦးက အကြံအဖန် အမြတ်ထုတ်လိုသဖြင့် သူဌေးသားပစ်လိုက်သော ဗျိုင်းငှက်သည် **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❁

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးမှာ နိုင်ငံတော်အတွက် အရေးပါသော စီမံကိန်းကြီးဖြစ်
စီမံကိန်းလုပ်ငန်းများကို တတ်နိုင်သမျှ အမြန်ဆုံး၊ အကောင်းဆုံးပြီးစီးအောင် ကြိုးစားတည်ဆောက်
လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်းစနစ်ကိုလည်း ဟန်ချက်ညီညီ ပြီးစီးရန်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင်ရှိ ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ဆည်ခရိုင်ရှိ ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ ၂၆–၉–၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၆-၉-၂၀၀၆
(အင်္ဂါနေ့)

လယ်ယာသုံးစက်ပစ္စည်းများ သုံးစွဲသူအကြိုက် တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်ရာ လယ်ယာကဏ္ဍကို အခြေခံသည့် လက်မှုနိုင်ငံအဆင့်မှသည် စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် စက်မှုအခြေခံလုပ်ငန်းများကို ထူထောင်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်အပိုင်းက သွင်းကုန်အစားထိုး အရည်အသွေးမြင့်စက်ရုံ၊ အလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်၍ ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသကဲ့သို့ စက်မှုဇုန်များရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကလည်း စက်နှင့်စက်ကိရိယာပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အခြေခံကျသဖြင့် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်ရန် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံများကို မန္တလေးတိုင်း အင်းကုန်းနှင့် ရန်ကုန်တိုင်း ရွာသာကြီးတို့တွင် ထူထောင်ထားရှိသည်။

ယခုအခါ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)မှ တစ်နှစ်လျှင် လက်တွန်းထွန်စက် အစီးတစ်သောင်းနှင့် စပါးရိတ်စက် အစီးငါးထောင် ထုတ်လုပ်ပေးလျက်ရှိသည်။

အဆိုပါ စက်ရုံမှ လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ လယ်ယာ(၂၂) လက်တွန်းထွန်စက်၊ တောင်ပေါ်သုံး လယ်ယာ(၁၆) လက်တွန်းထွန်စက်၊ စပါးရိတ်စက်၊ ၂၂ သွားခါးစက်ထွန်၊ နှစ်သွားလင်ပန်းထယ်နှင့် သံဘီးတို့ကို ထုတ်လုပ်လျက်ရှိရာ တောင်သူများအတွက် အသုံးတည့်နှစ်ခြိုက်သည့် စက်ပစ္စည်းများဖြစ်ရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လယ်ယာကဏ္ဍ အထောက်အကူပြု စက်မှုလုပ်ငန်းများကို အခြေခံသည့် လုပ်ငန်းများနှင့်အတူ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၌ လွယ်လင့်တကူ အသုံးပြုနိုင်သည့် ဇီဝဒီဇယ်ဆီကို ကြက်ဆူစေ့မှ ထုတ်လုပ် အသုံးပြုသွားနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်က ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ အပါအဝင် လိုအပ်ချက်များကို ရင်းနှီးမြှုပ်နှံ၍ လယ်ယာသုံး စက်ကိရိယာစက်ရုံများကို ထူထောင်ဖြည့်ဆည်းပေးလျက်ရှိရာ သက်ဆိုင်ရာ စက်ရုံအလိုက် လယ်ယာလုပ်ငန်းခွင်သုံး အရည်အသွေးမီ စက်ကိရိယာနှင့် စက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ကြခြင်းဖြင့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာ၌ တည်ဆောက်မည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီး၌ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်းနေ ဒေါ်အေးအေးနှင့် ဒေါ်မိမိဆွေ ဦးဆောင်သော ခမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းငွေကျပ် ၃၃၄၀၀၀ နှင့် အက်ဖ်အီးစီ ၃၀ ကို အမှူးဆောင်ဒေါ်မိမိဆွေက လက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။

(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး သန့်ရှင်းရေး စုပေါင်းဆောင်ရွက် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေး စုပေါင်းဆောင်ရွက်မှုနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၆ နာရီခွဲတွင် အဆိုပါ ဆေးရုံကြီး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများ ရန်ကုန်အရှေ့ပိုင်းခရိုင် ဆေးရုံကြီးဝင်းအတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (မြို့တော်စည်ပင်)

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး သမားတော်ကြီး ဒေါက်တာ ဦးချစ်စိုးက ဆေးရုံကြီးဝင်းအတွင်း စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပစေရေးအတွက် လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်း၍ လုပ်ကွက်ခြောက်ကွက်ခွဲကာ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်းနှင့် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး သန့်ရှင်းရေး စုပေါင်းဆောင်ရွက်နေမှုနှင့် လူမှုရေးအသင်းအဖွဲ့ဝင် ၆၀ တို့ စုပေါင်းသွေးလှူဒါန်းနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်းသည့် အခမ်းအနားကို ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင် စိုက်ပျိုးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး ဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ ကိုယ်စား မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ကိုယ်စား ဥက္ကဋ္ဌဒေါ်မာမာဝေက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင်တို့က ငွေကျပ်တစ်သိန်း၊ ဦးကျော်ကျော်လှိုင် (Smart Technical Service)က ငွေကျပ်ငါးသိန်း၊ ဦးဇော်ဝင်း (အမှုဆောင်ဒါရိုက်တာ Fisca Enterprise)က ငွေကျပ် သုံးသိန်းခြောက်ထောင်၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေး) ကိုယ်စား ဦးအုန်းမင်းက ငွေကျပ်သုံးသိန်း သုံးထောင်၊ ဒေါ်ခင်ဆွေဦး (မြန်မာ့ရွှေသရဖူ)က ငွေကျပ်သုံးသိန်း၊ ဒေါပုံ မြို့နယ် ဆီကုန်သည်များအသင်း၊ ဦးကျော်မြင့် (AMT ဆောက်လုပ်ရေး)၊ ဦးစိုးဟန်လင်း (မြတ်လင်းကုမ္ပဏီ)၊ ဒေါ်မြစိန်၊ ဦးသာဉာဏ် (အထွေထွေ အတွင်းရေးမှူး YMCA)၊ ဦးစိန်မြင့် သန်း-ဒေါ်မာမာဦး၊ မြောက်ဥက္ကလာပ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့၊ သီရိသုခမ္မ မဏိဇောတရေ ဦးစိုးသိန်း-ဒေါ်ခင်ချိုဦး၊ ဦးဇော်ဝင်း(Fish Co., Ltd)၊ ဦးထွန်းထွန်း (မြင်းနီအရက်ချက်စက်ရုံ)၊ ဦးမောင်မောင်ဟန် (YT အရက်ချက် စက်ရုံ)၊ ဦးစိုးမြင့်ထွန်း (ဥက္ကဋ္ဌ Fisca Enterprise)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်စက်မှုဇုန်(၁)၊ ဦးအောင်မြင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန်(၂)၊ မော်တော်ယာဉ်ထုတ်လုပ်သူများ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၃)၊ ဦးကိုကိုကြီး ဥက္ကဋ္ဌ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် စက်မှုဖွံ့ဖြိုးမှုရုံး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်စက်မှုဇုန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန်၊ တောင်ဥက္ကလာပ မြို့နယ် စက်မှုဇုန်၊ မြောက်ဥက္ကလာပ မြို့နယ် စက်မှုဇုန်၊ မြောက်ဥက္ကလာပ မြို့နယ် ရွှေပေါက်ကံစက်မှုဇုန်၊ သာကေတမြို့နယ် စက်မှုဇုန်၊ ဦးအောင်မြင့်၊ ဦးစိုးဝင်း၊ သီရိသုခမ္မ မဏိဇောတရေ ဦးတင့်ဆန်းနှင့် MVIP ကား ထုတ်လုပ်ရေး (တောင်ဥက္ကလာပ မြို့နယ်)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက ငွေကျပ် ၅၇ သိန်းကိုးထောင်ကို ပေးအပ်လှူဒါန်းကြရာ သမားတော်ကြီး ဒေါက်တာ ဦးချစ်စိုး၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းနှင့် ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်လှလှတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်း ဆေးရုံအုပ်ကြီးကိုယ်စား သမားတော်ကြီး ဒေါက်တာဦးချစ်စိုးက ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လသာမြို့နယ် အထက(၁) ဗဟိုစံပြခန်းမဆောင်၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပသော ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးစိုးမြင့်က တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ပြည့်ဖြိုးဇော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (၄၁)

သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့

တက္ကသိုလ် မြမဥ္ဇူ

"မိခင် ဖခင်
ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး
ဂုပုထိုးသို့၊ ရှိခိုးဦးတင်
ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍
လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်
ကြီးထသက်အို၊ မျိုးဆွေကိုလည်း
ကြည်ညိုညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍
ခပ်သိမ်းမယွင်း၊ ငြိမ်းစေမင်း။ ။
(ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရဆုံးမစာမှ)

မိဘ၊ ဘိုးဘွားသက်ကြီးရွယ်အိုများကို ရိုသေလေးစားစွာ လုပ်ကျွေးပြုစုစောင့်ရှောက်ခြင်းသည် မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုထုံးဓလေ့ တစ်ခုဖြစ်သည်။ ယင်းသို့ ရိုသေမြတ်လေး လုပ်ကျွေးပြုစုကြရန် ဆိုဆုံးမထားသည့် နီတိများ၊ ဆုံးမစာများသည် မြန်မာ့လူ့ဘောင်၏ ဒဿနများအဖြစ် အခိုင်အမာ တည်ရှိနေပါသည်။ အိုမင်းမစွမ်းဖြစ်လာသော မိအို၊ ဘအိုနှင့် အဘိုး၊ အဘွားများကို သား၊ သမီး၊ မြေးများနှင့် လူငယ်များက ချစ်ခင်မြတ်နိုး ဂုပုထိုးသို့ ရိုကျိုးလေးစားစွာ ကျွေးမွေးပြုစု စောင့်ရှောက်ကြသည်မှာ မြန်မာတို့၏ ယဉ်ကျေးသော ဓလေ့စရိုက်များပင် ဖြစ်ပါသည်။

အရှေ့မှနေဝန်းနီနီထွက်ပေါ်လာခဲ့သဖြင့်မိုးကုပ်စက်ဝိုင်း၏ နှင်းလွှာရုံတို့သည် လွင့်မျော၍ ကြည်လင်လာခဲ့သည်။ ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းတော်ကြီး၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်ရေ ကြည်လဲ့လဲ့က လှိုင်းကြက်ခွပ်ဘောင်ဘင်နှင့် ရစ်ခွေစီးဆင်းနေသည်။ ဧရာမြစ်ပြင်ကို ဖြတ်ကျော်တိုက်ခတ်လာသော လေနုအေးက နှလုံးသားကို အေးမြစေပါသည်။ မင်းကွန်းဘိုးဘွားရိပ်သာပေါ်မှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်လျှင် သမိုင်းထင်ရှားသည့် နန်းတော်ကျွန်းရွာကလေး၊ ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်တို့ဖြင့် သာသနာရောင်လွှမ်းလျက်ရှိသော မန္တလေးတောင်တော်မဟာကြီး မြူခိုးဝေဝေ တောင်ခြေဆိုင်းဆိုင်းနှင့် ညို့ညို့မှိုင်းမှိုင်း စိမ်းမြရံခြယ်နေသော ရှမ်းရိုးမတောင်တန်းကြီး၏ ရှုခင်းစုံတို့ကို လွမ်းမောဖွယ်ရာ တွေ့မြင်ရပါသည်။ မြန်မာတို့၏ သမိုင်းဝင် သမိုင်းတင်ဖြစ်သော ဒေါ်ဦးဇွန်း၏ ဘိုးဘွားရိပ်သာမှ ရှုမြင်ရသော မြင်ကွင်းဖြစ်ပါသည်။ ဒေါ်ဦးဇွန်း ဘိုးဘွားရိပ်သာသည် ကမ္ဘာပေါ်တွင် မြန်မာတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဘိုးဘွားရိပ်သာပင် ဖြစ်ပါသည်။ သစ်ပင်သစ်ရိပ်များအုံ့ဆိုင်း၍ မေတ္တာရိပ်လွှမ်းသော မင်းကွန်းဘိုးဘွားရိပ်သာသည် မြန်မာ့ဂုဏ်ကို ဆောင်လျက်ရှိပါသည်။ ယဉ်ကျေးသော မြန်မာ့လူ့ဘောင်၏ အကြင်နာပုံရိပ်တစ်ခု ဖြစ်ပါသည်။

မြန်မာလူမျိုးတို့၏ အသက်အရွယ်ကြီးသူကို ရိုသေလေးစားခြင်းနှင့် စပ်လျဉ်း၍ ရှင်မဟာရဋ္ဌသာရ၏ လူမှုကျင့်ဝတ်ဆုံးမစာတွင် **"ဆွေကြီးမျိုးကြီး၊ အဘကြီးနှင့် ဦးရီးသားချင်း၊ ဘထွေးရင်းက၊ ဟူသမျှကို၊ ဂုဏဝုဓာ၊ ပစာယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက မသင့်ချေ"** ဟူ၍လည်းကောင်း၊ မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာတွင် **"ဆရာမိဘ၊ ဘိုးဘွားစသား၊ ဝယဝုဓ၊ ဂုဏကြီးမား၊ ထိုသူများ၌၊ ပြစ်မှားမိခါ၊ နည်းမျှသာလျက်၊ အရာမသည်း၊ အပြစ်ပည်း၏"** ဟူ၍လည်းကောင်း ဆုံးမစာများလည်း ရှိခဲ့ပါသည်။

မြန်မာတို့၏ လူ့ဘောင်အဖွဲ့အစည်းတွင် သား၊ သမီး၊ မြေးများသည် ဘိုးဘွားများနှင့်အတူ တစ်အိမ်တည်းတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြပြီး တစ်ဦးနှင့်တစ်ဦး သဟဇာတညီညွတ်စွာ နေထိုင်ခဲ့သည့် အစဉ်အလာသည် ယနေ့တိုင်အောင် ရှင်သန်လျက်ရှိပါသည်။ အဘိုး၊ အဘွားများက သား၊ သမီး မြေးများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးအသိပညာများကို မိမိတို့၏ ဘဝအတွေ့အကြုံများနှင့်ယှဉ်ပြီး အသိပညာပေးဆုံးမသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့စရိုက်အဖြစ် ယနေ့တိုင်တွေ့မြင်နေကြရပါသည်။

အဘိုး၊ အဘွားများက မိမိတို့ဘဝတစ်လျှောက် စုဆောင်းရရှိလာသည့် စီးပွားဥစ္စာများကို အမွေအနှစ်အဖြစ် သားသမီးများ၊ မြေးမြစ်များကို ခွဲဝေပေးခြင်းဖြင့် သား၊ သမီး၊ မြေးမြစ်များ၏ မျက်မှောက်အကျိုးစီးပွားကို ဖော်ဆောင်ပေးသကဲ့သို့ သား၊ သမီး၊ မြေးမြစ်များကလည်း ဘိုးဘွားများကို အိမ်ဦးခန်းမှာထားပြီး လိုလေသေးမရှိအောင် ကျေးဇူးဆပ်ပြီး စောင့်ရှောက်ပေးကြသည့် အစဉ်အလာမှာ ရှင်သန်ထွန်းကားနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ဘိုးဘွားဦးရေအထိုက်အလျောက် တိုးပွားလာသော်လည်း ဘိုးဘွားများကို စောင့်ရှောက်ပေးရေးနှင့် ပတ်သက်၍ ပြဿနာတစ်ရပ်အနေဖြင့် ပေါ်ပေါက်ခြင်း အလျှင်းမရှိခဲ့ပါ။

ဘိုးဘွားရိပ်သာဟု ဆိုလိုက်သည်နှင့် ဒေါ်ဦးဇွန်းကို မေ့၍မဖြစ်၊ ချန်ထား၍မရပေ။ မြန်မာလူမျိုး အဘိုးအဘွားများကို နွေးထွေးစွာ စောင့်ရှောက်မှုပေးသော ဘိုးဘွားရိပ်သာလုပ်ငန်းကို မျိုးစေ့ချပေးသူမှာ အဘွားဒေါ်ဦးဇွန်းဖြစ်သည်။

လူအိုရုံကို စတင်တည်ထောင်ခဲ့သူ ဒေါ်ဦးဇွန်းကို ၁၂၃၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၅ ရက် သောကြာနေ့တွင် မန္တလေးမြို့ အဖ ပိုးကုန်သည်ကြီး ဦးအိ-အမိ ဒေါ်မြင့်တို့မှ ဖွားမြင်ခဲ့သည်။ ပျိုမျစ်နုနယ်ချစ်စဖွယ်အရွယ်ကပင် မိန်းကလေးတို့၏ သဘာဝအတိုင်း အလှအပကို ခုံမင်တွယ်တာသူ၊ ကိုးကွယ်သူမဟုတ်ပေ။ သင့်တော်ရုံသာ ဝတ်ဆင်၍ မိဘနှစ်ပါးကို မြတ်မြတ်နိုးနိုး ပြုစုယုယခဲ့သည်။ မိဘနှစ်ပါး ကွယ်လွန်ပြီးနောက် အမျိုးဘာသာ၊ သာသနာအတွက် အစွမ်းကုန် အားပေးဆောင်ရွက်ခဲ့သည်။

ဒေါ်ဦးဇွန်းသည် ၁၂၈၉ခုနှစ်တွင် သထုံမြို့မြသပိတ်တောင်ခြေ၌လည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်မြို့ နှင်းဆီကုန်း၌လည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့၌လည်းကောင်း ဘိုးဘွားရိပ်သာများကို မိမိကိုယ်ပိုင်ငွေများဖြင့် မတည်ဆောက်လုပ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဒေါ်ဦးဇွန်းသည် မိမိရည်ရွယ်ချက်များ အကောင်အထည်ဖော်ရင်း အသက်(၆၀)အရွယ်တွင် ပေါင်းတည် ဘိုးဘွားရိပ်သာ၌ သီလရှင်ဝတ်ခဲ့သည်။ ဘွဲ့အမည်မှာ "ဒေါ်သုမာလာ" ဖြစ်သည်။ အသက် (၇၆)နှစ်အရွယ် ၁၃၀၆ ခုနှစ် မင်းကွန်းဘိုးဘွားရိပ်သာ၌ ကွယ်လွန်ခဲ့သည်။ ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ နှစ် (၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် ရိပ်သာတည်ထောင်သူ ဒေါ်ဦးဇွန်းနှင့် မြန်မာ့အလင်းဦးတင်တို့အား ဂုဏ်ပြုဆောက်လုပ်ထားသည့် သမိုင်းပြတိုက်ဖွင့်ပွဲကို ကျင်းပဂုဏ်ပြုခဲ့ပါသည်။

ယခုအချိန်တွင် ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၅၀၀ ရှိလာပြီး လူငါးဦး၌ တစ်ဦးသည် သက်ကြီးရွယ်အိုဘဝကို ရောက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၄ခုနှစ် ခန့်မှန်းခြေစာရင်းအရ ၅၄ ဒသမ ၃ သန်းရှိရာ ၎င်းတို့အနက်မှ အသက်(၆၀)နှစ်အထက် ဘိုးဘွား ၄ ဒသမ၄၆ သန်းပါဝင်ခြင်းကြောင့် လူဦးရေ ၁၃ဦး၌ တစ်ဦးသည် သက်ကြီးရွယ်အိုဘဝသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရပါသည်။

တစ်နေ့တခြားတိုးပွားလာသည့် ဘိုးဘွားများအရေးသည် အလေးထားဖွယ်ကိစ္စ ဖြစ်လာသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးသည် သက်ကြီးရွယ်အိုများ၏ဘဝ သာယာချမ်းမြေ့စေရန် လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံအဖို့ ဘိုးဘွားဦးရေတိုးပွားလာသော်လည်း ဘိုးဘွားများကို ပြုစုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ ပြဿနာမရှိပါ။

ထေရဝါဒဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ် နေထိုင်ကြသည့် မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူမှုရေးကျင့်ဝတ်များအရ အသက်အရွယ်နှင့်ဂုဏ်သိက္ခာ ကြီးမြင့်သူများကို ရိုသေလေးစား အလေးအမြတ်ထား ပြုစုစောင့်ရှောက်တတ်သည့် အလေ့အထများသည် ယနေ့အထိ ရှင်သန်နေဆဲ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် နိုင်ငံအဝန်း အကြားအလပ်မရှိ အဆင့်အတန်း မြင့်မားတိုးတက်လာခြင်းကြောင့် သက်ကြီးရွယ်အိုများ၏ ဘဝသည်လည်း မြင့်မားတိုးတက်လာခဲ့ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက သက်ကြီးရွယ်အိုများ၏ဘဝ စိုပြည်လှပစေရေး အတွက် အခြေခံမူ(၅)ရပ်ကို ချမှတ်ထားရာ-

၁။ အမှီအခိုကင်း၍ လွတ်လပ်ခွင့် အပြည့်အဝရှိရေး (Independence)

၂။ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး (Participation)

၃။ အပြန်အလှန်စောင့်ရှောက်မှုပြုကြရေး (Care)

၄။ မိမိကိုယ်တိုင်ဖြည့်စွမ်းနိုင်ရေး (Self-Ful fillment)

၅။ ဂုဏ်သိက္ခာရှိရှိ ရပ်တည်ခွင့်ရရှိရေး (Dignity)တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာနှင့်အညီ ပြုစုစောင့်ရှောက်နေသကဲ့သို့ ကုလသမဂ္ဂအခြေခံမူ(၅)ရပ်ကိုလည်း အလေးထား စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သက်ကြီးရွယ်အိုများ၏ဘဝ သာယာချမ်းမြေ့စေမည့် အစီအစဉ်ကောင်းများ ထွက်ပေါ်လာရေးအတွက် ၁၉၈၂ခုနှစ်တွင် ပြုလုပ်သော (၃၇)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ် (International Plan of Action on Ageing)ကို ဆုံးဖြတ်ချက်အမှတ် (၃၇/၅၁)ဖြင့် ချမှတ်ပေးခဲ့သည်။ လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် ထိုနှစ်မှာပင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ ကမ္ဘာ့သက်ကြီးရွယ်အို ညီလာခံတစ်ရပ်ကို ကျင်းပခဲ့သည်။ ထိုညီလာခံမှ ချမှတ်ထားသော လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်ကို "Vienna Plan"ဟု ခေါ်တွင်သည်။ ၎င်းစီမံချက်၏ ရည်ရွယ်ချက်များ တိုးပွားလာသည့် သက်ကြီးရွယ်အို စာရင်းဇယားများပြုစုရေး၊ လိုအပ်ချက်များကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ လုပ်ငန်းဖော်ဆောင်ရာ၌ အောက်ပါလုပ်ငန်းရပ်များကို သုတေသနပြုခြင်း၊ စစ်တမ်းကောက်ယူခြင်း စိစစ်သုံးသပ်ခြင်းများ ပြုလုပ်ရန် အကြံပြုထားပါသည်-

၁။ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာလုပ်ငန်းများ (Health and Nutrition)

၂။ အကာအကွယ်ပေးခြင်း (Protection of Elderly Consumers)

၃။ နေထိုင်မှုနှင့်ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များ (Housing and Environment)

၄။ မိသားစုရေးရာ ကိစ္စရပ်များ (Family)

၅။ လူမှုရေးဆိုင်ရာ ကိစ္စရပ်များ (Social Welfare)

၆။ ဝင်ငွေလုံလောက်မှုရှိရေးနှင့် အလုပ်အကိုင်ရရှိရေး (Income Security and Employment)

၇။ ပညာရေး (Education)

အဆိုပါ အကြံပြုချက်များနှင့်အညီ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက မိမိတို့ဒေသ နိုင်ငံအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ စစ်တမ်းကောက်ယူခြင်းတို့ကို သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာပေါ်ရှိ သက်ကြီးရွယ်အိုများ အရေးကို အရေးတယူ ဆောင်ရွက်လျက် ရှိနေကြပါသည်။

နှစ်ပေါင်းခြောက်ဆယ်ကျော် လူ့ဘဝကို ကျင်လည်ဖြတ်သန်းလာခဲ့ရသူ တစ်ဦးအတွက် သက်ကြီးရွယ်အိုဘဝသည် အင်မတန်အရေးကြီးသည့် အချိန်ဖြစ်သည်။ **အိုသည့်တိုင်အောင် ဇွဲကိုဆောင်** ပြီး လူ့ဘောင်ကောင်းကျိုးကို သယ်ပိုးနိုင်ခဲ့ကြသည်မှာ သက်ကြီးရွယ်အိုတို့၏ အစဉ်အလာဖြစ်ပါသည်။ မြန်မာ့လူဘောင်၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး မြှင့်တင်မှုများတွင် ပါဝင်ထမ်းဆောင်ခဲ့သူများဖြစ်၍ အတွေ့အကြုံ၊ ဗဟုသုတ ဟင်းလေးအိုးကြီးများဟု တင်စားနိုင်ပါသည်။ နယ်ချဲ့ကိုဆန့်ကျင်၊ ဖက်ဆစ်ကိုတွန်းလှန်၊ ပြည်တွင်းသောင်းကျန်းမှုရန်ကို ရင်ဆိုင်ကျော်လွှားခဲ့ရသူများ ဖြစ်ကြပါသည်။ လူ့အသိုင်းအဝိုင်းတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ကြသူ ဖြစ်ခြင်းကြောင့် အထီးကျန် မနေလိုကြသူများ ဖြစ်ပါသည်။ လူ့ဒါန်းပေးကမ်းလိုကြပြီး ပရဟိတ သင်္ဂဟလုပ်ငန်းများတွင် ပါဝင်ပျော်မွေ့လိုသူများလည်း ဖြစ်ပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများကို လူမှုရေးနှင့် သာသနာရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် နေရာပေးလျက်ရှိပါသည်။

"သက်ကြီးစကားသက်ငယ်ကြား" ဆိုသည့် မြန်မာ့ဆိုရိုးစကားနှင့်အညီ ၎င်းတို့ထံက အတွေ့အကြုံနှင့် ဗဟုသုတများကို တလေးတစားမှတ်သား နာယူကြရမည်ဖြစ်ပါသည်။ လူ့အသိုင်းအဝိုင်းအတွင်း၌ ဘိုးဘွားတို့အား စိတ်အားလူအားရှိသလောက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရရှိအောင် စီမံဖန်တီးပေးကြရမည် ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများ၏ အရေးကို ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အတည်ပြုဆုံးဖြတ်ချက်နှင့် (၃၅)ကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်အရ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီက ၁၉၉၇ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် ၁၉၉၇/၁၈ ကို ချမှတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်မှာ ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် (International year for Older Persons)နှင့် နှစ်စဉ် အောက်တိုဘာလ ၁ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" (International Day of Older Persons)ဟု ဂုဏ်ပြုသတ်မှတ်ပေးခြင်းဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် စတင်သတ်မှတ်သည့် ၁၉၉၉ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို **"သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့"** (Towards a society for all ages)ဟူသော ဆောင်ပုဒ်ဖြင့် နှစ်စဉ်မပြတ်ကျင်းပလာခဲ့သည်မှာ ယခု ၂၀၀၆ ခုနှစ်တွင် အဋ္ဌမနှစ်သို့ တိုင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာနှင့်အညီ နှစ်စဉ်ကျင်းပသကဲ့သို့ ကုလသမဂ္ဂ အခြေခံများကိုလည်း အလေးအနက်ထား ဖော်ဆောင်လျက်ရှိပါသည်။

သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ မိသားစုနှင့် ရပ်ဆွေရပ်မျိုးများ၏ ပြုစုစောင့်ရှောက်မှု၊ ရိုသေလေးစားမှုကို ခံယူခွင့်ရှိကြသူများဖြစ်ကြရာ အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့ဖြစ်ရသည့် သက်ကြီးရွယ်အိုများကိုလည်း စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ ဘိုးဘွားရိပ်သာများ၏ အေးမြသည့် အရိပ်အာဝါသအောက်ကို ခိုဝင်ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ လှမ်းချီနေသည့် ယနေ့ကာလတွင် ကြီးသူ၊ ရွယ်သူ၊ ငယ်သူအားလုံးတို့သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသလို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုကြပြီး ရိုင်းပင်းကူညီစောင့်ရှောက်လျက် ရှိနေကြပါသည်။

မြန်မာနိုင်ငံ၌ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက မြန်မာပြည်အနှံ့အပြားတွင် ဘိုးဘွားရိပ်သာများ ထူထောင်ပြီး စနစ်တကျ စောင့်ရှောက်မှုများ ပေးလျက်ရှိပါသည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တစ်ပြည်လုံးတွင် ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာ ၅၂ ခု၌ ဘိုးဘွားပေါင်း ၂၁၉၆ ဦးကို ပြုစုစောင့်ရှောက်ထားပြီး ဘိုးဘွားရိပ်သာ ၄၂ခုကို နှစ်စဉ်ထောက်ပံ့မှုများ ပေးလျက်ရှိပါသည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဘိုးဘွားရိပ်သာ ၄၂ ခုအတွက် ငွေကျပ် ၁၀ ဒသမ ၆ သန်းကို ထောက်ပံ့မှုပေးနိုင်ခဲ့ပါသည်။ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများကလည်း သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးအတွက် ငွေအား၊ လူအားဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိနေပါသည်။ ယင်းဘိုးဘွားရိပ်သာများ ထူထောင်ပြီး ပြုစုစောင့်ရှောက်ရသည့် လုပ်ငန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် မဆောင်ရွက်နိုင်သေးသည့် လုပ်ငန်းဖြစ်ခြင်းကြောင့် စာရေးသူတို့ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် မိုင် ၅၅၀ စက်ဘီးစီးပြိုင်ပွဲတွင် ပန်းဝင်လာသော ယာဘက်လက်နှင့် ယာဘက်ခြေထောက်မရှိသူပြိုင်ပွဲဝင်တစ်ဦးကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ၁၀၀၀ လက်ဘနွန်သို့ စေလွှတ်မည်

ပေကျင်း စက်တင်ဘာ ၂၄

တရုတ်နိုင်ငံသည် လက်ဘနွန်နိုင်ငံရှိ ယင်း၏ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို အားဖြည့်ပေးရန် ဆုံးဖြတ်ချက် ချမှတ်လိုက်ကြောင်း သောကြာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် လက်ဘနွန်နိုင်ငံရှိ ယင်း၏ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ဦးရေကို ၂၀၀ ခန့်မှ ၁၀၀၀အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း၊ အစ္စရေး–ဟစ်ဇ်ဘိုလာ ပဋိပက္ခဖြေရှင်းရန် နိုင်ငံတကာကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က စက်တင်ဘာ ၁၈ရက်တွင် ကြေညာသည်။

တရုတ်နိုင်ငံသည် လက်ဘနွန်နိုင်ငံသို့ လူလူချင်းစာနာထောက်ထားသော အကူအညီအဖြစ် ယွမ်သန်း ၄၀ (အမေရိကန်ဒေါ်လာငါးသန်း)အထိ ပေးမည်ဖြစ်ကြောင်း၊ ယွမ်သန်း ၂၀ကို ပေးပို့ပြီးဖြစ်ကြောင်း ဝမ်က ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်စေ၊ အခြားနေရာဒေသများတွင်ဖြစ်စေ တရုတ်နိုင်ငံသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ အဆင့်ကိုပြသရန် ဦးတည်ကြောင်း၊ အဓိကကျသော နိုင်ငံတကာကိစ္စရပ်များ အထူးသဖြင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ၌ တရုတ်နိုင်ငံသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်ကို ထင်ရှားစွာတွေ့ရကြောင်း ပါရီမြို့အခြေစိုက် ပြင်သစ် နိုင်ငံတကာ ဆက်ဆံရေးဌာန အာရှရေးရာ ညွှန်ကြားရေးမှူး ဗယ်လာရီနီကွက်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများသို့ တပ်ဖွဲ့ဝင်များကို မကြာသေးမီက စတင်စေလွှတ်ခဲ့သည်။ ၁၉၉၂ခုနှစ်နှင့် ၁၉၉၄ခုနှစ်အကြားတွင် အင်ဂျင်နီယာ ၄၀၀ နှင့် လေ့လာသူ ၅၀ ခန့်ကို စေလွှတ်ခဲ့သည်။

အင်တာနက်။

နစ်မြုပ်သွားသော ရေနံတင်သင်္ဘောမှ လောင်စာယိုစိမ့်နေဆဲ

မနီလာ စက်တင်ဘာ ၂၄

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသတွင် သင်္ဘော နစ်မြုပ်သွားရာမှ နေ့စဉ် ရေနံလောင်စာ လီတာ ၁၂၀ထက်မနည်း ဆက်လက်ယိုစိမ့်နေကြောင်း အစိုးရ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ရေနံစိမ့်ထွက်နေမှုသည် တစ်စက္ကန့်လျှင် တစ်ပေပတ်လည်ခန့်ရှိနေကြောင်း အကြံပေးပုဂ္ဂိုလ် ရာဖလ်ကို့စ်ကိုလူကာက ပြောကြားသည်။

စိုးရိမ်

တစ်နေ့လျှင် ရေနံလီတာ ၁၂၀ခန့် စိမ့်ထွက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။ ဆိုလာ–၁ အမည်ရှိ ရေနံတင်သင်္ဘောနစ်မြုပ်ခြင်းနှင့်အတူ ရေနံယိုစိမ့်ပျံ့နှံ့မည်ကို စိုးရိမ်သဖြင့် ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့မှ ဆွဲသင်္ဘော သုံးစင်းဖြင့် ရှင်းလင်းလျက်ရှိသည်။

အဆိုပါ သင်္ဘောမှကျန်ရှိနေသော လောင်စာများကို အလုပ်သမားများက ခက်ခဲစွာ ကြိုးပမ်းနေကြသော်လည်း အခြေအနေမှာ ထိန်းချုပ်မရအောင်ဖြစ်နေကြောင်း ၎င်းက ပြောကြားသည်။

အစိုးရ စုံစမ်းချက်အရ သင်္ဘောနစ်မြုပ်ရခြင်းမှာ ဝန်လွန်ကဲစွာ တင်ဆောင်လာခြင်း၊ ရာသီဥတုဆိုးရွားခြင်းနှင့် သင်္ဘောကပ္ပတိန်နှင့် နောက်လိုက်များ လုပ်ငန်းတာဝန်ထမ်းဆောင်မှု ညံ့ဖျင်းမှုကြောင့်ဖြစ်ကြောင်း၊ သင်္ဘောမှ ယိုစိမ့်ထွက်နေသော လောင်စာဆီမှာ လီတာ ငါးသောင်းကျော်ရှိပြီဖြစ်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အနောက်အုပ်စု အင်အားကြီးနိုင်ငံများ အီရန်ကို ဝင်မတိုက်ရန် သတိပေး

တီဟီရန် စက်တင်ဘာ ၂၄

အီရန် ချူကလီးယား အစီအစဉ်ရပ်ဆိုင်းရေးအတွက် ဖိအားပေးနေသည့် အနောက်အုပ်စု အင်အားကြီးနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ရေး စဉ်းစားခြင်းမပြုရန် အီရန်အစိုးရက သတိပေးပြီး အီရန်–အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားတွင် ဒုံးကျည်များ ခင်းကျင်းပြသခြင်းဖြင့် ဝင့်ကြွားလိုက်သည်။

မိန့်ခွန်းပြောကြား

မိမိတို့က ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေကြောင်း၊ သို့ရာတွင် အနောက်အုပ်စု အင်အားကြီးနိုင်ငံများအနေဖြင့် အီရန်နိုင်ငံကို တိုက်ခိုက်ရန် မစဉ်းစားသင့်ကြောင်း၊ မိမိတို့သည် အီရန်နိုင်ငံကို ကာကွယ်ရန် အပြည့်အဝပြင်ဆင်နေကြောင်း အီရန် ဒုတိယသမ္မတ ပါဗစ်ဒါဗူဒီက နှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားသည်။

ပါဝင်ဆင်နွှဲကြ

ဘီးတပ်ကုလားထိုင်ပေါ် ထိုင်နေသည့် စစ်ပြန်စစ်မှုထမ်းဟောင်းများ၊ တပ်ဖွဲ့ဝင်များ၊ တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ယင်းစစ်ရေးပြအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြသည်။

အစ္စရေးနှင့် ပင်လယ်ကွေ့ဒေသရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းများအထိ ကီလိုမီတာ ၂၀၀၀ အကွာအဝေးအထိ ပစ်ခတ်နိုင်သည့် ရှာဟက်–၃ အမည်ရှိ ဒုံးကျည်များကို ယင်းစစ်ရေးပြအခမ်းအနားတွင် ပြသထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကုလထိပ်တန်းရာထူး အာဖဂန်ဝန်ကြီးဟောင်းယှဉ်ပြိုင်မည်

ကဘူး စက်တင်ဘာ ၂၄

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာအတွက် ယှဉ်ပြိုင်အရွေးခံမည့် ပုဂ္ဂိုလ်များအမည်စာရင်းတွင် နောက်ဆုံးပါဝင်လာသည့်နိုင်ငံမှာ အာဖဂန်နစ္စတန်နိုင်ငံဖြစ်ကြောင်း၊ ယင်းနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဟောင်း အက်ရှ်ရပ်ဖ်ဂါနီသည် ပါဝင်ယှဉ်ပြိုင် ရွေးချယ်ခံမည်ဖြစ်ကြောင်း ဖိုင်နယ်ရှယ်တိုင်းမ်စ်သတင်းစာက စက်တင်ဘာ ၂၃ ရက်တွင် ရေးသားဖော်ပြသည်။

ကုလသမဂ္ဂ ထိပ်တန်း ရာထူးနေရာအတွက် ယှဉ်ပြိုင်အရွေးချယ်ခံရာတွင် မိမိအောင်ပွဲခံမည်ဟု မျှော်လင့်ကြောင်း အသက်(၅၇)နှစ်အရွယ်ရှိ ဂါနီက ဖိုင်နင်ရှယ်တိုင်းမ်စ်သတင်းစာသို့ ပြောကြားသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်၁၅နိုင်ငံက လွှန်ခဲ့သည့် သီတင်းပတ်တွင် ပြုလုပ်သော စစ်တမ်းတစ်ရပ်အရ တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းသည် အခြားပုဂ္ဂိုလ် လေးဦးထက် ပိုမိုရေပန်းစားနေကြောင်း သိရသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ ရေရရှိရေးအတွက် အများသုံး ရေဘုံပိုင်အား အသုံးပြုနေရသည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယတွင် မြေမြှုပ်မိုင်းပေါက်ကွဲ

မယ်ဒါ (အိန္ဒိယ) စက်တင်ဘာ ၂၄

ကွန်မြူနစ်ဝါဒီပြောက်ကျားများ မြှုပ်ထားသည်ဟုယူဆရသည့် မြေမြှုပ်မိုင်းတစ်လုံး အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် ကြာသပတေးနေ့က ပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကြိုးပမ်း

အနောက်ဘင်္ဂလားပြည်နယ်ရှိ မစ်ဒါပူတောအတွင်း ခြေကုပ်ပြုနေသည့် သောင်းကျန်းသူများ မြှုပ်ထားသည့် မြေမြှုပ်မိုင်းများကို ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထိခိုက်ဒဏ်ရာရ

ထိခိုက်ဒဏ်ရာရရှိသူ ခြောက်ဦးမှာ သတင်းစာဆရာများဖြစ်ကြပြီး မိုင်းရှင်းလင်းရေးသတင်း ရေးသားရန်အတွက် ရဲတပ်ဖွဲ့နှင့်အတူ လိုက်ပါလာကြသူများဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံသို့ နာသူးလာ တောင်ကြားလမ်းကို ဖြတ်ကျော်ပြီး လာရောက်ကြသော တရုတ်ကုန်သည်များကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တောင်အာဖရိကတွင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်

ဂျိုဟန်နက်စဘတ် စက်တင်ဘာ ၂၅

တောင်အာဖရိကနိုင်ငံ ဖရီစတိတ်ပြည်နယ် ရက်ဒ်ဒါဘတ်ချ်မြို့နှင့် စမစ်ဖီဒ်မြို့ကြားရှိ လမ်းတွင် ဘတ်စ်ကား တိမ်းမှောက်မှုဖြစ်ပွားရာ သေဆုံးသူခြောက်ဦးရှိပြီး ၁၆ဦး ဒဏ်ရာ ရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနက စက်တင်ဘာ ၂၃ ရက်တွင် ဖော်ပြထားသည်။ စက်တင်ဘာ ၂၂ရက်က ရက်ဒ်ဒါဘတ်ချ်မြို့မှ ၁၈ ကီလိုမီတာအကွာတွင် ဘတ်စ်ကား တိမ်းမှောက်မှုဖြစ်ပွားကြောင်း အက်စ်အေဘီစီရေဒီယို အသံလွှင့်ဌာနက ထုတ်ပြန်ကြေညာသည်။

လူ ၂၀ လိုက်ပါလာသော ယင်းဘတ်စ်ကားမှာအရှေ့ဘက်အငူမှ ဂျိုဟန်နက်စဘတ်သို့ မောင်းနှင်လာခြင်းဖြစ်ကြောင်းပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါရှန်ပင်လယ်ကွေ့သို့ ဦးတည်ခုတ်မောင်းသွားနေသည့် အမေရိကန်ရေတပ်၏ အဏုမြူစွမ်းအင်သုံး အိုင်ဆင်ဟောင်ဝါ လေယာဉ်တင်သင်္ဘောကြီးကို စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်တွင် ပြည်ပမှ ရေနံစိမ်း တင်သွင်းမှု ယခုနှစ် ပထမခြောက်လတွင် ၂၀ ရာခိုင်နှုန်း တိုးလာ

ပေကျင်း စက်တင်ဘာ ၂၄

တရုတ်နိုင်ငံသည် ယခုနှစ် ပထမခြောက်လအတွင်း ရေနံစိမ်းလောင်စာ တန်ချိန် ၇၀ ဒသမ ၃၃ သန်းပြည်ပမှ တင်သွင်းခဲ့ရာ ယခင်နှစ် အလားတူအချိန်ကထက် ၁၇ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုလာခြင်းပင်ဖြစ်သည်ဟု အကောက်ခွန်ဌာနမှ ရရှိသောစာရင်းအင်းများက ဖော်ပြသည်။ တစ်ချိန်တည်း၌ပင် တရုတ်နိုင်ငံ၏ ပြည်တွင်းရေနံစိမ်း ထုတ်လုပ်မှုသည် တန်ချိန်ပေါင်း ၉၁ ဒသမ ၆၆ သန်း ရောက်အောင် ထုတ်လုပ်နိုင်ခဲ့သည်ဟု တရုတ်ရေနံနှင့် ဓာတုဗေဒလုပ်ငန်းအဖွဲ့က ပြောကြားသည်။ ထိုအချက်က တရုတ်နိုင်ငံသည် ယင်း၏ပြည်တွင်းသုံးအတွက် လိုအပ်သော စွမ်းအင်၏ ၄၃ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းနေရသည်ကို ဖော်ညွှန်းလျက်ရှိသည်။

တရုတ်နိုင်ငံသည် လိုအပ်သော ရေနံများကို အဓိကအားဖြင့် အင်ဂိုလာနိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ရုရှားနိုင်ငံ၊ အိုမန်နိုင်ငံ၊ အီကွေတိုရီရယ်ဂီနီနိုင်ငံ၊ ယီမင်နိုင်ငံ၊ ကွန်ဂိုနိုင်ငံ၊ လစ်ဗျားနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ ဝယ်ယူတင်သွင်းခြင်းဖြစ်သည်ဟု အကောက်ခွန်ဌာနက ပြောကြားသည်။

တရုတ်နိုင်ငံသည် ယင်းအတွက် လိုအပ်သော ရေနံ၏ ၁၈ ဒသမ ၂ ရာခိုင်နှုန်း သို့မဟုတ် တန်ချိန်ပေါင်း ၁၃ ဒသမ ၁၆ သန်းကို အင်ဂိုလာနိုင်ငံမှ ဝယ်ယူတင်သွင်းလျက်ရှိသည်။ နိုင်ငံအနေဖြင့် ပြည်ပရေနံအပေါ် ၄၀ ရာခိုင်နှုန်းကျော်မှီခိုနေရသည့် အခြေအနေကို လျှော့ချနိုင်ရန် သက်ဆိုင်ရာအာဏာပိုင်များက ကြိုးပမ်းလျက်ရှိသည်။ ၂၀၀၅ ခုနှစ်က တရုတ်နိုင်ငံ၏ စုစုပေါင်း ရေနံလောင်စာသုံးစွဲမှု ပမာဏသည်တန်ချိန် ၃၁၇ သန်းရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် နိုင်ငံတကာခရီးသွား ပွဲတော်တွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ ပါဝင်ဆင်နွှဲနေသည်ကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂေါ်ဒွန်မုန်တိုင်း စပိန်နှင့် ပေါ်တူဂီတွင် တိုက်ခတ်

မဒရစ် စက်တင်ဘာ ၂၄

ဂေါ်ဒွန်အမည်ရှိ အပူပိုင်းမုန်တိုင်းသည် စပိန်အနောက်မြောက်ပိုင်းနှင့် ပေါ်တူဂီနိုင်ငံတို့တွင် ကြာသပတေးနေ့က တိုက်ခတ်သွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အိမ်ခြေ ၂၉၀၀၀ တို့ လျှပ်စစ်မီးပြတ်တောက်သွားခဲ့သည်။

အဆိုပါ မုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၈၀ (မိုင် ၁၁၀)နှုန်းဖြင့် တိုက်ခတ်ခဲ့သဖြင့် စာသင်ကျောင်း ၂၀၀၀ ကို ပိတ်လိုက်ရပြီး လမ်းမကြီးများတွင် သစ်ပင်များပြိုလဲကုန်ကာ ဂါယီစီယာဒေသတွင် လျှပ်စစ်ဓာတ်အားပေးလိုင်းများ ပျက်စီးခဲ့ရသည်။

လာကော်ရူနာဒေသတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဝန်ချီစက်များနှင့် လမ်းမီးတိုင်များ ပြိုလဲပျက်စီးသည်။ စန်တီယာဂိုဒီ ကွန်ပိုစတယ်လာနှင့် လာကော်ရူနာမြို့တို့သို့ ပျံသန်းသည့် လေကြောင်းခရီးစဉ်များမှာလည်း ဖျက်သိမ်းသို့တည်းမဟုတ် နှောင့်နှေးကြန့်ကြာခဲ့သည်။ အာကေဇီဒေသတွင် မော်တော်ယာဉ်ပေါ်သို့ သစ်ပင်ပိသဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ပေါ်တူဂီနိုင်ငံတွင် မိုးကြီးပြီး လေပြင်း ကျရောက်၍ လမ်းမများ အသွားအလာ ပိတ်ဆို့မှု ရက်အတန်ကြာဖြစ်ပွားခဲ့ကာ လစ္စဘွန်းမြို့တွင် မော်တော်ယာဉ် ၁၄ စီးဆင့်ကဲ တိုက်မိမှုဖြစ်ပွားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

ဘယ်လ်ဂျီယံတွင် ပူးတွဲစစ်ရေးလေ့ကျင့်

ဘရပ်ဆယ် စက်တင်ဘာ ၂၄

ဘယ်လ်ဂျီယံနိုင်ငံ တပ်ဖွဲ့များနှင့် ဥရောပနိုင်ငံများမှ တပ်ဖွဲ့တို့ ပူးပေါင်း၍ စစ်ရေးလေ့ကျင့်လျက်ရှိကြောင်း ဗွီအာရ်တီသတင်းဌာနမှ စက်တင်ဘာ ၁၉ ရက်က သတင်းဖော်ပြသည်။

လျှပ်တစ်ပြက် တုံ့ပြန်ရေးလေ့ကျင့်မှုဟု အမည်ပေးထားသော ပူးပေါင်းစစ်ရေး လေ့ကျင့်မှုမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် တပ်ဖွဲ့များ စစ်ရေးလေ့ကျင့်မှုသည် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု မစ်ရှင်များအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားမှုပင်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ဘယ်လ်ဂျီယံတပ်ဖွဲ့ဝင် ၇၀၀၀၊ ဩစတြီးယား၊ ပြင်သစ်၊ လူဇင်ဘတ်နှင့် နယ်သာလန်တို့မှ တပ်ဖွဲ့ဝင် ၉၅၀ ပါဝင်သည်။

လေ့ကျင့်မှုတွင် စစ်ဘက်သုံးယာဉ် ၂၀၀၀ ကျော် ပါဝင်သည်။ ကုလသမဂ္ဂ၏ အမိန့်အာဏာအရ ဖွဲ့စည်းမည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပူးတွဲစစ်ရေးလေ့ကျင့်နေကြခြင်း ဖြစ်သည်။

လူသားချင်း စာနာအကူအညီပေးရေး၊ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရေး၊ နိုင်ငံတကာ နယ်စပ်ဒေသများတွင် စောင့်ကြပ်ရေးစသည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်အတွက် အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဗီယက်နမ်တွင် ဗုံးတစ်လုံးပေါက်ကွဲ

ဟနွိုင်း စက်တင်ဘာ ၂၄

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဒွန်နိုင်ပြည်နယ်တွင် ဗီယက်နမ်စစ်ပွဲအတွင်းက လက်ကျန်ဗုံး ပေါက်ကွဲမှု ဖြစ်ပွားရာ လူသုံးဦး သေဆုံးကြောင်း ဒေသဆိုင်ရာလူငယ်သတင်းစာက စက်တင်ဘာ ၂၂ ရက်၌ ဖော်ပြသည်။

လွန်သန်ဒေသတွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ သေဆုံးသူ နှစ်ဦးမှာ စစ်အတွင်းက ကျန်ရှိသော ပစ္စည်းများကို လိုက်လံစုဆောင်းသူများဖြစ်သည်။ **အမ်အင်ဆေ၊ဆင်ဟွာ။**

ဖီလာဒဲလ်ဖီးယားမြို့ မြေအောက်ခန်းတွင် ပေါက်ကွဲ မီးလောင်

ဖီလာဒဲဖီးယား စက်တင်ဘာ ၂၄

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့လယ်ရှိ ရုံးအဆောက်အအုံတစ်ခု၏ မြေအောက်ခန်းတွင် ပေါက်ကွဲမှု နှစ်ခုသို့မဟုတ် သုံးခု ကြာသပတေးနေ့က ဖြစ်ပွားပြီး မီးလောင်ခဲ့သဖြင့် တာဝန်ရှိ ပုဂ္ဂိုလ်များက အလုပ်သမား ၅၀၀၀ ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ သို့ရာတွင် တစ်ဦးမျှ ထိခိုက်ဒဏ်ရာ မရခဲ့ကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းအဆောက်အအုံတွင် ဖွင့်လှစ်ထားသောကုမ္ပဏီမှ အလုပ်သမားများက မြေအောက်ခန်းတွင် ပေါက်ကွဲမှုများ ဖြစ်ပွားသည်ဟု ပြောဆိုကြောင်း ဖီလာဒဲလ်ဖီးယား ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ လီဆာရိုတိုလိုက ပြောကြားသည်။

ယင်းဖြစ်ရပ်ကြောင့် ထိခိုက်သူ မရှိကြောင်း၊ အနီးအပါး ပတ်ဝန်းကျင်၏ အသွားအလာကို ရဲတပ်ဖွဲ့က ပိတ်ထားခဲ့ကြောင်း ရိုတိုလိုကပြောကြားသည်။ ယင်းပေါက်ကွဲမှု၏ ဇာစ်မြစ်ကို မသိရသေးဟုဆိုသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဇင်ဘာဘွေမှ အမဲသား တရုတ်နှင့်မလေးရှားသို့ ရောင်းမည်

ဟာရာရေး စက်တင်ဘာ ၂၄

ဇင်ဘာဘွေအစိုးရသည် တရုတ်နှင့် မလေးရှားဈေးကွက်များတွင် အမဲသားဈေးကွက် ထိုးဖောက်ဝင်ရောက် ရောင်းချရန် ကြိုးပမ်းလျက်ကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံသည် မလေးရှားနှင့် တရုတ်နိုင်ငံတို့သို့ အမဲသားတင်ပို့ရန် စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း မွေးမြူရေးနှင့် တိရစ္ဆာန်ကုသရေးဌာန ညွှန်ကြားရေးမှူး စထရက်ဟားဂရေ့ဗ်က ပြောကြားသည်။

မလေးရှားနိုင်ငံမှ တာဝန်ရှိသူများသည် ဇင်ဘာဘွေနိုင်ငံသို့ လာရောက်ပြီး အသားထုတ်လုပ်မှု နည်းပညာကို အဆင့်မြှင့်တင်ရန် ဆွေးနွေးခဲ့သည်။ ဇင်ဘာဘွေနိုင်ငံတွင် သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော သားသတ်ရုံတစ်ခုကို တည်ဆောက်ထားပြီးဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

တင်ပို့မည့် အမဲသားများတွင် ပါဝင်ရမည့် ဓာတ်ပစ္စည်းနှုန်းထားများကို တရုတ်နိုင်ငံက ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဇင်ဘာဘွေနိုင်ငံက အီးယူအဖွဲ့သို့ အမဲသားတင်ပို့မှု မပြုမီ စံချိန်စံညွှန်း ပြည့်မီမှု ရှိ၊ မရှိကို စစ်ဆေးရန် အီးယူအဖွဲ့သည်လည်း မကြာမီက လာရောက်ခဲ့သေးကြောင်း အအေးခန်းထိန်းသိမ်းရေးကုမ္ပဏီအဖွဲ့ဝင် အဒူညာဘီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အိုင်ဗရီကို့စ်နိုင်ငံ အဘစ်ဂျန်မြို့အနီးရှိ စွန့်ပစ်ထားသော ဓာတုအညစ်အကြေးများအား ဖယ်ရှားရှင်းလင်းနေသည်ကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို စက်တင်ဘာ ၂၄ရက်က လွိုင်ကော်မြို့နယ်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မူပိုင်သီချင်းဖြင့် အစည်းအဝေးကို ဖွင့်လှစ်ကြသည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာ စကားပြောကြားပြီး ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယက ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွှန့်တင်က အမှာ စကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန် ရှိသူများက ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၂ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၂၇ဦးတို့အား ဂုဏ်ပြုဆုများ ကို ပေးအပ်ကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် လွိုင်ကော်မြို့နယ် ထေးဌားလျားကျေးရွာ ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိ၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျေးရွာပြည်သူလူထု နှင့် တွေ့ဆုံပွဲ အခမ်းအနားကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင်စီဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးက ကျေးရွာစာသင် ကျောင်းအတွက် စာရေးခုံများနှင့် ဗလာ စာအုပ်များကို လည်းကောင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက ဆေးဖျန်းပုံး ငါးလုံး ကို လည်းကောင်း၊ အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက် ရေး အသင်းတို့က ကျန်းမာရေးပိုစတာ နှင့် အိုင်အိုဒင်း ဆားများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူး တင်စကား ပြောကြားသည်။

ကျေးလက်ဆေးပေးခန်းဖွင့်ပွဲ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ သည် ဒီမောဆိုမြို့နယ် သေးဆူလဲ ကျေးရွာ ကျေးလက်ဆေးပေးခန်း အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ဖဲကြိုး ဖြတ်၍ အဆောက်အအုံကို ဖွင့်လှစ် ပေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး နှင့် အဖွဲ့သည် အဆောက်အအုံ အတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယား ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံး ကျွတ်အစည်းအဝေး (၂၀၀၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(သစ်တောရေးရာ)

ရန်ကုန်အဝေးသင်တက္ကသိုလ် ပထမအသုတ် စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၆ခု ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၄ရက်မှ ၁၂ရက်အထိ ဒဂုံ တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ် တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ဖြေဆိုရမည်

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၊ ရန်ကုန်အဝေး သင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ရန်ကုန် အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ နယ်တက္ကသိုလ်၊ ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထား သည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြုကျောင်းသား အားလုံးသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ် ဒီဂရီကောလိပ်များ၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင် တက္ကသိုလ်ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်နေ့ ဖွင့်ပွဲကို အောက်တိုဘာ ၁၀ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲနှင့်အတူ ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကိုပါ တစ်ပေါင်းတည်း ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရုပ်ရှင်နေ့ စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၁၃ရက်တွင် ရုပ်ရှင် အသိပညာရှင်၊ အနုပညာရှင်များက ဖတ်ကြားကြမည်ဖြစ်ပြီး ပြန်လည် ဆန်းသစ်ထားသော "မေတ္တာနှင့်သူရာ" ဇာတ်ကားကိုလည်း ပြသမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင် သက်ကြီးပူဇော်ပွဲသို့ ပါဝင်လှူဒါန်းလို သည့် စေတနာရှင်များသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သက်ဆိုင်ရာမှ နှိုးဆော်ထားသည်။ (သတင်းစဉ်)

တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ်(၁၅) ဆုထူးပန် ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်တွင် သုခကာရီ ဗဟိုဆောင်မွမ်းမံပြင်ဆင်ရန်အတွက် တာမွေမြို့နယ် မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း ပတ္တမြားလမ်းနေ နှစ်ဖက်သော မိဘများအားရည်စူး၍ ဦးမြတ်သူ-ဒေါ်ညွှန့်ညွှန့်အေး၊ သား မောင်မိုးသူ၊ မောင်လွင်အေး မိသားစုက အလှူတော်ငွေ ကျပ်ဆယ်သိန်းကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ဆရာတော်သလ္လာအရှင်ပဏ္ဍိတရှေ့မှောက်၌လှူဒါန်းရာ ကျောင်းပြင်ဆင်ရေး အကျိုးတော်ဆောင် ဦးစံရှိန် လက်ခံစဉ်။ (ကြေးမုံ)

စက်တင်ဘာ ၂၃ ရက်က ကျင်းပ သည့် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မခိုင်မွန်ဆွေ၊ မစုရည်မွန်၊ မပွင့်ဖြူသက်နှင့် မအေး စုခိုင်ဦးတို့အား ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်စီက စိန် လက်စွပ် ဂုဏ်ပြုချီးမြှင့်စဉ်။

(ပညာရေး)

သက်ကြီးစာပေပညာရှင်ကန်တော့ပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲနှင့် အဖွဲ့ဝင်များတွေ့ဆုံ ပွဲကို စက်တင်ဘာ ၃၀ရက် နံနက် ၉နာရီတွင် အဖွဲ့ရုံးတည်ရာ အမှတ် ၅၈၊ ဇရာ(၇)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်ရန်နှိုးဆော်

သက်ကြီးစာပေပညာရှင်များဖြစ်ကြသည့် ဦးလှကြိုင်(ပါရဂူ)၊ ဦးမောင်စိုး (ပွင့်လင်း)၊ ဦးချစ်လှိုင်(ချစ်ပိုလေး)၊ ဦးရဲလွင်(သင့်ဘဝဦးရဲလွင်)၊ ဦးသန်းရှိန် (အောင်ကျော်မင်း)၊ ဦးလေးမြိုင်(လေးမြိုင်)၊ ဦးဌေးမောင်(ဌေးမောင်)၊ ဦးမြင့် (ကျိုက်လတ်မိုးမြင့်)၊ ဦးသောင်းလွင်(သောင်းလွင်)၊ စိုးသိန်းဆွေ (ရဲဘော်ဝဏ္ဏ) တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြရန် မြို့နယ်စာပေနှင့် စာနယ်ဇင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (စာပေ/စာနယ်ဇင်း)

စက်တင်ဘာ ၂၄ရက်က သာကေတမြို့နယ် အထက(၂) မိဘဆရာအသင်း ၏ ၂၀၀၅-၂၀၀၆ ဘက်စုံပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းသားဟောင်း ဦးသန်းထွန်း၊ ဒေါ်အမာတင် (သန်းထွန်းသစ်ဆိုင်)မိသားစုက ပညာရည်ချွန် ဆုချီးမြှင့်ရန် အလှူငွေကျပ် ၂၁၈၀၀၀ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်လှိုင် လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
၇း၀၅	ကရာတေးဒိုအားကစား
၇း၁၅	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	Sunday Talk
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	မိုးလေဝသခန့်မှန်းချက်
၈း၃၀	စိမ်းနေဦးမည့် တို့မြန်ပြည်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	နိုင်ငံတကာအနုပညာရေးရာ
၉း၁၅	ဆွေမျိုးတော်ပေမယ့် (ရဲမှူးတင်လင်း၊ ဆောင်းအိမ်ခြွေထွန်း၊ဗေဒါ)
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	ခဲမဟုတ်တဲ့ ခဲတံ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	လေးဖက်နာနှလုံးရောဂါ အကြောင်းဟောပြောချက် (အပိုင်း-၁) (ဒေါက်တာခင်မောင်အေး)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၃၅	ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ခင်ဘုဏ်း)
၁၁း၀၅	ဝင်ငွေတိုးဖို့ စိုက်ပျိုးစို့
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ငါးမြင်းနှင့် ရုံးပတီသီး)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	Say It In English(1)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၅၅	CSKA Moscow-Hamburge	5-Sports(Live)
၁၂း၃၀	Real Madrid-Dynamo	5-Series(Live)
၁း၀၀	Benfica-Man Utd	5-Sports(Live)

ဒေသခံပြည်သူများအား ဆွေးနွေးမှာကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆောမြို့နယ် ပန်းဆန်ကျေးရွာ ဘုန်းတော်ကြီး ကျောင်း၌ ဒေသခံပြည်သူများအား ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု၊ ဒီမိုကရေစီကူးပြောင်းရေး တိုးတက်အောင်မြင်နေမှုများကို နှောင့်ယှက်ဖျက်ဆီးနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို တားဆီးချေမှုန်း

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၂ရက်မှ ယနေ့အထိ မကွေးတိုင်း ပခုက္ကူမြို့နယ် ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုနှင့် ထီးလင်းမြို့နယ်တို့ရှိ ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၃ရက်တွင် ဆောမြို့နယ် ကြီးရွာသို့ရောက်ရှိ၍ ကျေးလက်ကိုယ့်အားကိုယ်ကိုးရုံစာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ကြီးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါတွေ့ဆုံပွဲသို့ ကြီးရွာ၊လယ်ဆောကျေးရွာ၊ နှောကျေးရွာ၊ မိအယ်ကျေးရွာနှင့် ရွာသာကျေးရွာတို့မှ ဒေသခံပြည်သူ အင်အား ၂၀၀၀ ခန့်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကြီးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးလွန်းဖေက ကြီးရွာ အပါအဝင် ကျေးရွာများမှ အသင်းဝင်အဆိုပြုလွှာ ၅၀၀ ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီးထံ ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တက်ရောက်လာကြသော ကျေးရွာများမှ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကြီးရွာ အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဒေသခံကျေးရွာပြည်သူများအတွက် စောင်များ၊ အဝတ်အထည်များ၊ မိုးကာနှင့် ပလတ်စတစ်ပုံးများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ဆေးစွေနှင့် ဆပ်ပြာများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆောမြို့နယ် ပန်းဆန်ကျေးရွာသို့ ရောက်ရှိ၍ ပန်းဆန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တည်ဆောက်ပြီး ကျေးရွာသို့ လျှပ်စစ်မီးဖြန့်ဝေပေးမည့် ရေအားလျှပ်စစ်တာဘိုင်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ကာ ဖွင့်လှစ်ပေးပြီး ရေအားလျှပ်စစ် တာဘိုင်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ရေအားလျှပ်စစ်တာဘိုင်တွင် (၁၀)ကီလိုဒိုင်နမို တပ်ဆင်ထားပြီး ကျေးရွာရှိ အိမ်ခြေ ၈၀ ခန့်ကို လျှပ်စစ်မီး ပေးဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပန်းဆန်ကျေးရွာ မိုးသောက်ကြယ် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ပန်းဆန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပန်းဆန်ကျေးရွာ၊ မြို့မကျေးရွာ၊တေးကျေးရွာ၊ စံကျေးရွာ၊ မင်းကြည့်ကျေးရွာ၊ နသိုးကျေးရွာ၊ သရက်ချဉ်ကျေးရွာ၊ လေးကျေးရွာ၊တောခလွန်ကျေးရွာနှင့် ရုံဘိုကျေးရွာတို့မှ ဒေသခံပြည်သူ အင်အား ၂၆၀၀ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ဒေသအခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေး၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပန်းဆန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးစိုးလင်းက ပန်းဆန်ကျေးရွာအပါအဝင် ကျေးရွာများမှ အသင်းဝင်အဆိုပြုလွှာ ၅၀၀ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပေးအပ်သည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်သန်းလွင်အောင်နှင့် နှစ်ဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၁ဦးတို့အား ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသော ကျေးရွာများမှ ဒေသခံပြည်သူများအတွက် စောင်များ၊အဝတ်အထည်များ၊ မိုးကာနှင့် ပလတ်စတစ်ပုံးများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ဆေးနှင့် ဆပ်ပြာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဂျာနယ်မဂ္ဂဇင်းနှင့် စာအုပ်စာစောင်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ပန်းဆန်ကျေးရွာရှိ မဟာဓမ္မောသဓကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တည်ဆောက်ပေးခဲ့

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများ၌ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့် ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့တာဝန်ယူသည့် ကာလအတွင်း လိုအပ်သော အခြေခံအဆောက်အအုံများကို နေ့မအား ညမနားဘဲ အခက်အခဲများကို ကျော်လွှား၍ ကြိုးပမ်းတည်ဆောက်ပေးခဲ့ကြောင်း၊ ထိုသို့တည်ဆောက်ပေးမှုကြောင့် ကျေးလက်ပြည်သူများ၏ အဓိကအားထားရာ လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆည်မြောင်းတာတမံများ၊ မြေအောက်ရေတွင်းများ စသည့် စိုက်ပျိုးရေး အခြေခံ အဆောက်အအုံ လိုအပ်ချက် အားလုံးနီးပါးကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ထို့အတူ လမ်းပန်းဆက်သွယ်ရေးအတွက် ကားလမ်းများ၊ ရထားလမ်းများ၊ မြစ်ကူးတံတားကြီးများ အပါအဝင် တံတားအကြီး၊ အသေးများ၊ လေယာဉ်ကွင်းများ၊ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ စသည့် လမ်းပန်းဆက်သွယ်ရေး အဆောက်အအုံအားလုံးကိုလည်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် လူငယ်လူရွယ်များ၏ ပညာရည်မြင့်မားရေး၊ ကျန်ပြည်သူတစ်ရပ်လုံး၏ အသိပညာဗဟုသုတ တိုးပွားရေးတို့အတွက် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များ၊ ကွန်ပျူတာနှင့် နည်းပညာကောလိပ်/တက္ကသိုလ်များကို အခြေခံလိုအပ်ချက်အားလုံး နီးပါး တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာတိုင်းတွင်လည်း ကျေးလက်စာကြည့်တိုက်များ ထူထောင်ပေးပြီး ဖြစ်ကြောင်း။

ဖြည့်ဆည်းတည်ဆောက်ပေးပြီး

ထို့အတူ တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ စွမ်းအင် စသည့်ကဏ္ဍအားလုံးတွင်လည်း ဖြစ်နိုင်သမျှ အမြောက်အမြား ဖြည့်ဆည်းတည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ သို့ပါ၍ ထိုတည်ဆောက်မှုအကျိုးဆက်များကို ယခုအခါ ပြည်သူများရရှိခံစားနေရပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံ အားလုံးနီးပါးကို တည်ဆောက်ပေးပြီးဖြစ်သည့်အတွက် နိုင်ငံတော်၏ အခြေအနေသည် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်တော့မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

အစွမ်းကုန်ကြိုးစား

ထိုသို့ ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျေးလက်ပြည်သူများကလည်း နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ၏ အထောက်အပံ့ကို ရယူ၍ မိမိတို့တစ်ဦးချင်း၊ မိမိတို့မိသားစုတစ်စုချင်း၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးများ ဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ထိုသို့ နိုင်ငံတော် အစိုးရနှင့် ပြည်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါက အချိန်တိုကာလအတွင်း တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်လာမည်မှာ သေချာကြောင်း၊ သို့သော် ဤဖွံ့ဖြိုးတိုးတက်မှုများ၊ တည်ငြိမ်အေးချမ်းမှုများ၊ ဒီမိုကရေစီကူးပြောင်းရေးအတွက် တိုးတက်အောင်မြင်နေမှုများကို နှောင့်ယှက်ဖျက်ဆီးနေကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်လုပ်ရပ်များကိုလည်း သတိပြုတားဆီးကာကွယ် ချေမှုန်းကြရမည်ဖြစ်ကြောင်း၊ ထို့အတူ အနောက်အင်အားကြီးနိုင်ငံတစ်ခုနှင့် ပြည်တွင်းပြည်ပပုဆိန်ရိုးများ ပူးပေါင်းပြီး မြန်မာနိုင်ငံအား ခေတ်သစ်ကိုလိုနီဘဝသို့ သွတ်သွင်းရန်၊ တစ်နည်းအားဖြင့် ခေတ်သစ်နည်းဖြင့် ကျွန်ပြုရန် ဆောင်ရွက်နေမှုများကိုလည်း သတိပြုတားဆီး ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ ထိုအချက်များကို သတိပြုကာကွယ်တားဆီးခြင်းမပြုမိပါက သမိုင်းတစ်ပတ်လည်သည့်အဖြစ်မျိုးနှင့် ပြန်လည်ကြုံဆုံရနိုင်ကြောင်း၊ ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးစဉ်ကကဲ့သို့ အကွဲအပြဲမျိုးစုံ၊ ဖွံ့ဖြိုးတိုးတက်မှုနတ္ထိဖြင့် အကျိုးမဲ့ အချည်းအနှီးဖြစ်ခဲ့ရသည့် ကာလမျိုး ပြန်လည်ကျရောက်နိုင်ကြောင်း။

ပူးပေါင်းကြိုးပမ်းဆောင်ရွက်

သို့ပါ၍ အနောက်အင်အားကြီးနိုင်ငံနှင့် ပြည်တွင်းပြည်ပပုဆိန်ရိုးတို့၏ နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ပျက်ပြားအောင် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နိုင်ငံတော်အား ခေတ်သစ်ကိုလိုနီအဖြစ် သွတ်သွင်းရန်၊ တစ်နည်းအားဖြင့် ခေတ်သစ်နည်းဖြင့် ကျွန်ပြုရန် ကြံစည်ကြိုးစား ဆောင်ရွက်နေမှုများကို လည်းကောင်း တားဆီးကာကွယ်ချေမှုန်းရင်း တစ်ဖက်မှလည်း တိုင်းပြည်နှင့်လူမျိုးတို့ အရှိန်အဟုန်ဖြင့် ဆက်လက် ဖွံ့ဖြိုးတိုးတက်လာအောင် ပြည်သူအားလုံးက နိုင်ငံတော် အစိုးရ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တပ်မတော်တို့နှင့်အတူ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်း ဗဟို အတွင်းရေးမှူး ပြန် ကြားရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြီးရွာတွင် ဒေသခံ ကျေးရွာ ပြည်သူ များအတွက် စောင် များ၊အဝတ်အထည် များကို ပေးအပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်သူများ၏ မြင့်မားတိုးတက်လာသော လျှပ်စစ်ဓာတ်အား တောင်းခံမှုများကို လုံလုံလောက်လောက် ဖြည့်ဆည်းပေးနိုင်ရေး မိမိတို့ မနားမနေ လက်တွေ့ကျကျကြိုးပမ်းနေရ

* ရှေ့ဖုံးမှ

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပြီးစီးမှုအခြေအနေများ၊ RCC ပင်မတမံ ကွန်ကရစ်သွန်းလောင်းခြင်း လုပ်ငန်းများ၊ သက်ဆိုင်ရာကုမ္ပဏီများက စီမံကိန်းအတွက် မှာယူထားပြီးသော စက်မှုနှင့်လျှပ်စစ်

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပစ္စည်း ပေးပို့မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စံချိန်စံညွှန်းမီသည့် RCC ကွန်ကရစ်တမံ ဖြစ်ရေးကို စနစ်တကျ စီစဉ်ဆောင်ရွက်နေမှုများနှင့် သဘာဝပိုဖိုလန် ထုတ်လုပ်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရဲရွာနှင့် ရွှေလီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့မှ ထုတ်လုပ်မည့်ဓာတ်အားများကို ဖြန့်ဖြူးမည့်အစီအစဉ်၊ တည်ဆောက်မည့် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ ပါဝင်သည့် ဓာတ်အားပေးစနစ်ပုံစံ၊ ဓာတ်အားလိုင်းများတည်ဆောက်ရေးအတွက် တာဝါတိုင်များ ထူထောင်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် ရဲရွာရေအားလျှပ်စစ် စီမံကိန်းကြီးမှာ နိုင်ငံတော်တစ်ရပ်လုံးအတွက် အရေးပါသော လျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်းကြီးဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းများကို တတ်နိုင်သမျှ အမြန်ဆုံး၊ အကောင်းဆုံးပြီးစီးအောင် ကြိုးစားတည်ဆောက်ရမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားများကို သုံးစွဲသူများထံ အရောက်ဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်းစနစ်ကိုလည်း ဟန်ချက်ညီညီ ချိန်ကိုက်ပြီးစီးအောင် စီမံဆောင်ရွက်ရန် အရေးကြီးကြောင်း။

တိုင်းပြည်၏ ရေသယံဇာတများကို စိုက်ပျိုးရေးလုပ်ငန်းများ၌ တန်ဖိုးရှိရှိ အသုံးချနိုင်ရေးအတွက် ရေလှောင်တမံ စီမံကိန်းများနှင့် မြစ်ရေတင်စီမံကိန်းများကို တစ်ခုပြီးတစ်ခု ဦးစားပေး တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ရေအားလျှပ်စစ်

ယခုအခါ ယင်းရေသယံဇာတများကို အသုံးပြု၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်လိုအပ်နေသော လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရဲရွာစီမံကိန်းကဲ့သို့ အကြီးစားစီမံကိန်းများအပြင် အလတ်စား၊ အငယ်စား စီမံကိန်းများလည်း ပါရှိကြောင်း။

ယင်းသို့ လျှပ်စစ်ဓာတ်အားစီမံကိန်းများ တိုးချဲ့ထူထောင်လျက်ရှိသော်လည်း ပြည်သူများ၏ မြင့်မားတိုးတက်လာသော လျှပ်စစ်ဓာတ်အားတောင်းခံမှုများကို လုံလုံလောက်လောက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယနေ့မိမိတို့ မနားမနေ လက်တွေ့ကျကျ ကြိုးပမ်းနေရကြောင်း။

လိုအပ်ချက်များပြားလာ

ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏ လိုအပ်ချက်များမှာလည်း တိုးတက်များပြားလာလျက်ရှိကြောင်း။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများနှင့် ဓာတ်အားဖြန့်ဖြူးရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် တာဝန်ရှိသူအားလုံးသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အချိန်ပြည့် ကုသိုလ်စိတ်မွေးပြီး မိမိတို့ဆောင်ရွက်နေကြသော တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို အမြန်ဆုံး၊ အကောင်းဆုံးပြီးစီးအောင် စေတနာထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပညာရှင်များနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးမြင့်ဇော်တို့အား သစ်သီးခြင်းများကို လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေယူအဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပင်မတမံ ကွန်ကရစ်သွန်းလောင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စီမံကိန်းလုပ်ငန်းများ၌ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ငယ်မြစ်တစ်ဖက်ကမ်း ၁၉၇ မီတာအမြင့်မှ စီမံကိန်းဧရိယာ၊ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပင်မတမံ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကို ကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲ-ယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၃၅ရာခိုင်နှုန်းခန့်ပြီးစီး

ရဲရွာရေအားလျှပ်စစ် စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည့် စီမံကိန်းကြီးဖြစ်သည်။ ယခုအခါ စီမံကိန်း၏ တည်ဆောက်ရေး လုပ်ငန်းများသည် ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများနှင့် ဓာတ်အားဖြန့်ဖြူးရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် တာဝန်ရှိသူအားလုံးသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အချိန်ပြည့် ကုသိုလ်စိတ်မွေးပြီး မိမိတို့ဆောင်ရွက်နေကြသော တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို အမြန်ဆုံး၊ အကောင်းဆုံးပြီးစီးအောင် စေတနာထား ဆောင်ရွက်။

ရွှေလီမြစ်ကြောင်းတစ်လျှောက် ရေအား
တာပိန်မြစ်ကြောင်းတစ်လျှောက်၌လည်း

ရွှေလီရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် လိုက်ပါလျက် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေလီခန်းမ၌ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရွှေလီရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်း၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်း၌ ဆောင်ရွက်လျက်ရှိသည့် နည်းပညာရပ်ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဓာတ်အားလိုင်းသွယ်တန်းရေး

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မိုင် ၁၈၀ ရှည် ရွှေလီ-မန်စံ-ရွှေစာရံ ကေဗွီ ၂၃၀ ဓာတ်အားလိုင်း သွယ်တန်း၍ ဘဲလင်း ဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးသွားရန် စီစဉ်ထားမှုများ၊ ဒေသအတွင်း ဓာတ်အားဖြန့်ဖြူးသွားမည့် အစီအစဉ်များ၊ ဓာတ်အားလိုင်းသွယ်တန်းရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

မှတ်တမ်းများထားရှိ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မှာကြားရာတွင် ရွှေလီရေအားလျှပ်စစ်စီမံကိန်း အကောင် အထည်ဖော်မှုများနှင့် စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများကို စနစ်တကျထားရှိသွားကြရမှာ ဖြစ်ကြောင်း၊ ဤစီမံကိန်း၌ အသုံးပြုလျက်ရှိသည့် တည်ဆောက်ရေးဆိုင်ရာ နည်းပညာရပ်များကို နောင်

**နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့
ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ
ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ တာ
ရေလှဲ့ဥမင်လိုဏ်အထွက်ပိုင်း တည်ဆေ
ဓာတ်ပုံရိုက်ကြစဉ်။**

အလားတူ စီမံကိန်းများ၌ အသုံးပြုသွားကြရမည်ဖြစ်ကြောင်း၊

ရွှေလီမြစ်ကြောင်းတစ်လျှောက်၌ ရေအားလျှပ်စစ်စီမံကိန်း အဆင့်ဆင့် တည်ဆောက်သွားမှာ ဖြစ်သကဲ့သို့ တာပိန်မြစ်ကြောင်း တစ်လျှောက်၌လည်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်၍ ဖြစ်မြောက်နိုင်စွမ်းရှိ-မရှိ လေ့လာသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်သူများ၏ တိုးတက်တောင်းခံလာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်များနှင့် နိုင်ငံတော်၏ စီမံကိန်းများအတွက် ဓာတ်အားလိုအပ်ချက်များကို ဖြည့်

...င်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းအဆင့်ဆင့် တည်ဆောက်သွားမှာဖြစ်သကဲ့သို့ ...င်းတစ်လျှောက်၌လည်း ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်မြောက်နိုင်စွမ်းရှိ-မရှိလေ့လာ

ရာတွင် ရွှေလီရေအားလျှပ်စစ်စီမံကိန်း အကောင် အထည်ဖော်မှုများနှင့် စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများကို စနစ်တကျထားရှိသွားကြရမှာ ဖြစ်ကြောင်း၊ ဤစီမံကိန်း၌ အသုံးပြုလျက်ရှိသည့် တည်ဆောက်ရေး ဆိုင်ရာ နည်းပညာရပ်များကို နောင် ဆည်းပေးနိုင်ရန် စီမံကိန်းလုပ်ငန်းများကို ကြိုးပမ်းရှာဖွေ ဖော်ထုတ် အကောင်အထည်ဖော်သွားရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Development Co., Ltd. Chairman, Mr. Huang Guanming နှင့် Vice Chairman, Mr. Feng Ke တို့အား နှုတ်ဆက် ပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေလီခန်းမ ရှုရပ်မှ စီမံကိန်းဧရိယာကို ကြည့်ရှုကြသည်။

ဆက်လက်၍ အချင်း ၃၃ ပေ၊ အရှည် ၈၅၃ ပေရှိ ရေလွှဲဥမင်လိုဏ် အဝင်ပိုင်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရေလွှဲဥမင်လိုဏ် အထွက်ပိုင်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းမှ တာဝန်ရှိသူများ၊ တရုတ်ပညာရှင်များနှင့် ရေလွှဲဥမင်လိုဏ် အထွက်ပိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရွှေလီမြစ်ပေါ်တွင် အလျား ၅၃၁ ပေ၊ အမြင့် ၁၅၄ ပေရှိ ကွန်ကရစ်ရေထိန်းတမံတည်ဆောက်၍ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကို သွယ်ယူကာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၆၀၀ရှိ ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၈ ရာခိုင်နှုန်းခန့်မှာ ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေလီရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ တာဝန်ရှိသူများ၊ တရုတ်ပညာရှင်များ ရေလွှဲဥမင်လိုဏ်အထွက်ပိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

အလားတူ စီမံကိန်းများ၌ အသုံးပြုသွားကြရမည်ဖြစ်ကြောင်း၊

ရွှေလီမြစ်ကြောင်းတစ်လျှောက်၌ ရေအားလျှပ်စစ်စီမံကိန်း အဆင့်ဆင့် တည်ဆောက်သွားမှာ ဖြစ်သကဲ့သို့ တာပိန်မြစ်ကြောင်း တစ်လျှောက်၌လည်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်၍ ဖြစ်မြောက်နိုင်စွမ်းရှိ-မရှိ လေ့လာသွားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်သူများ၏ တိုးတက်တောင်းခံလာသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်များနှင့် နိုင်ငံတော်၏ စီမံကိန်းများအတွက် ဓာတ်အားလိုအပ်ချက်များကို ဖြည့်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေသွယ်ဥမင်လိုဏ် ဖောက်လုပ်ပြီးစီးပြီး အပိုင်းများကို မော်တော်ယာဉ်များဖြင့် ဝင်ရောက်ကြည့်ရှု စစ်ဆေးကြပြီး ဥမင်လိုဏ် ဆက်လက်ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အကောင်အထည်ဖော်

နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တည်ဆောက်ရေးကုမ္ပဏီများနှင့် ပူးပေါင်း၍ ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၅-၉-၂၀၀၆

နေပြည်တော်
၂ ဒသမ ၉၁ လက်မ

မြိတ်
၅ ဒသမ ၉၉ လက်မ

ရမည်းသင်း
၃ ဒသမ ၉၈ လက်မ

နမ့်ဆန်
၂ ဒသမ ၀၁ လက်မ

မရမ်းကုန်းမြို့နယ် အထက(၃)တွင် စက်တင်ဘာ ၂၄ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရေးမှူး ဦးနေဝင်းနှင့် ခရိုင်အလုပ်အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်သန်းနွယ်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်ကြစဉ်။

(က-ပ)

❋ **ကောက်ပင်ရိတ်လှီးမှ**

၎င်း၏ ဖျိုင်းငှက်ဖြစ်ကြောင်း၊ ထိုဖျိုင်းငှက်သည် နေ့စဉ်နေ့တိုင်း ရွှေစင်တစ်ကျပ်သားကိုချီ၍ ၎င်းအားပေးအပ်ကြောင်း အလျော်ရရေး စကားဆိုလေ၏။ ထိုအခါ သူဌေးသားက သင်၏ ဖျိုင်းငှက်သည် ယခုကဲ့သို့ နေ့စဉ် ရွှေစင်တစ်ကျပ်သားချီ၍ ပေးအပ်ခဲ့သည်မှာ အချိန်မည်မျှကြာရှိနေပြီနည်းဟု မေးသည့်အခါ ဖျိုင်းရှင်ဟုဆိုသူက ၃၆၅ ရက် (တစ်နှစ်)ခန့် ကြာပြီဖြစ်ကြောင်း ပြောသည့်အခါ သူဌေးသားက ဤသို့ဆိုလျှင် ငါ့အိမ်ရှေ့တွင် ခင်းကျင်းထားသော ရွှေပြား ၃၆၅ ချပ် ပျောက်ဆုံးနေသည်မှာ သင့်ဖျိုင်းငှက် ခိုးယူခဲ့ခြင်းဖြစ်သည်။ သင့်မှာလည်း ခိုးရာပါပစ္စည်း လက်ခံထားသူဖြစ်ရာ အမြန်ပေးလျော်ရမည်။ မလျော်နိုင်ပါက တရားစွဲဆိုအရေးယူမည်ဟု ပြောကြားသောအခါ ဖျိုင်းရှင်ဆိုသူမှာ မနေဝံ့ဘဲ ရွှေပြားများကို ပေးလျော်နိုင်စွမ်းမရှိသဖြင့် အပြစ်မှခွင့်လွှတ်ပါရန် သူဌေးသားအား ကြောက်ရွံ့ထိတ်လန့်စွာ တိုးလျှိုးတောင်းပန်ရသည်။ ဤကဲ့သို့ တစ်ဖက်သားပြောသည့် စကားအပေါ်မှာ အခြေခံ၍ အပိုင်စီးနင်းဆုပ်ကိုင်ပြောဆိုခြင်းသည် **"ကောက်ပင်ရိတ်လှီး"** စကားပြောနည်းဟု ဆိုစမှတ်ပြုကြပါသည်။ သံခင်းတမန်ခင်း စကားပြောဆိုကြရာတွင် အတုယူဆောင်ရွက်ဖွယ်ရာ ကောင်းလှပါသည်။ **(သာသနာရေး)**

(စကားပြောနည်း ဆက်လက်ဖော်ပြပါမည်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	မင်းလှရေလှောင်တမံ
၈း၂၅	၉။	အရေးပြိုင်ပွဲ
၈း၃၀	၁၀။	International News.
၈း၄၅	၁၁။	Let's Go.
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သတ္တဗေဒအထူးပြု၊ သတ္တဗေဒ)
၄း၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၀၀	၅။	ခံစားနားဆင် တေးဇာတ်ဝင်
၅း၁၁	၆။	**"အရေးကြီးလို့ပါ" (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅း၁၅	၇။	၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်) (ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၅း၃၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း-၁၂)**
၆း၅၀	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၇း၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခြင်းနှင့်အတူ"(အပိုင်း-၄)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စပိုင်ချစ်သူ" (အပိုင်း-၈)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ဘီတွတ်ကျေးရွာ တရားစခန်းကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ ပုညာရာမကျောင်းတိုက်တွင် (၂၂)ကြိမ်မြောက် သတိပဋ္ဌာန် ၁၀ ရက်တရားစခန်းပွဲကို သီတင်းကျွတ်လပြည့်ကျော် ၄ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ အောင်ချမ်းသာ ဦးနာရဒနှင့် ဦးသုမနာဘိဝံသ (ရွှေညဝါ)တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်မည့် ယောဂီများ ဖုန်း-၀၄၂-၈၀၅၇၄၊ ၈၀၅၇၅၊ ၈၀၅၇၈၊ လိုင်းခွဲ ၈၀၂ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ဦးဝေလွင်-ဒေါ်မိုးမိုးနွယ်၊ သမီး သီရိမိုးဝေလွင်တို့က ဒေါ်မိုးမိုးနွယ် နှစ်(၄၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ယခင်နှစ်များထက် ပိုမိုတိုးတက်ဖွယ်ရှိ လုပ်ငန်းရှင်များ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လို

နေပြည်တော် စက်တင်ဘာ ၂၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် စက်တင်ဘာ ၂၂ရက်တွင် ရန်ကုန်မြို့ရှိ ပင်ဒါဟိုတယ်၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရာ၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားငွေ တိုးပွားရရှိအောင် ရှာဖွေပေးရန် လိုအပ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုအပိုင်း၌လည်း ယခုနှစ်ပွင့်လင်းရာသီတွင် ယခင်နှစ်များထက် ပိုမိုတိုးတက်လာဖွယ်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအပိုင်းကလည်း နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများကို မှန်မှန်ပေးသွင်းရေး၊ နိုင်ငံခြားငွေစာရင်းများ ဖွင့်လှစ်အပ်နှံရေးတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာက ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို သိရှိနားလည်အောင်လေ့လာပြီး လိုက်နာလုပ်ဆောင်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအနေဖြင့် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်အပ်နှံရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်လုပ်ငန်းရှင်များကိုယ်စား မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ခရီးသွားလုပ်ငန်းရှင်များကိုယ်စား မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်တို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့ရှိ ယုဇနဟိုတယ်၊ Excel Treasure ဟိုတယ်နှင့် မြရိပ်ညိုဟိုတယ်တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဟိုတယ်အလိုက် ဝန်ဆောင်မှုပေး နေမှုအခြေအနေ၊ ခရီးသည်များ တည်းခိုမှုအခြေအနေ၊ ပွင့်လင်းရာသီအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းအခက်အခဲများရှိပါက စီစဉ်ဆောင်ရွက်ပေးရန် ရှိကြောင်းနှင့် ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ရန်ကုန်မြို့ရှိ Excel Treasure ဟိုတယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနှင့် ဘုရားကုန်းကျေးရွာရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့မှ မိသားစုဝင်ငွေတိုးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် မတည်ငွေလိုအပ်သည့် အသင်းဝင်များအား ချေးငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

သန်လျင်မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား စီးပွားရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေး

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သန်လျင်မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား စီးပွားရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးခြင်းကို စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် သန်လျင်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှင်စောပုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားပြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနှင့် ဘုရားကုန်းကျေးရွာရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ မိသားစု ဝင်ငွေတိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မတည်ငွေ လိုအပ်သည့် အသင်းဝင်များအား ချေးငွေများ ပေးအပ်သည်။

ထို့နောက် သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်ရီက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀ ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ပြီး စီးပွားရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စုပေါင်းရေအလှူတော်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းအင်းစိန်မြို့နယ်ဈေးကုန်းအနောက်ရပ်ကွက်၊ ဈေးကုန်းပရိယတ္တိစာသင်တိုက်ကြီး၌စက်တင်ဘာ၂၁ရက်က စာချစာသင် သံဃာတော်အပါး ၁၆၀ကျော်တို့အတွက် ရေအလှူတော်များကို ဝါတွင်းသီတင်းသည် ရဟန်းဒါယကာ ကြေးတိုင်းစု (၁)လမ်းနေ ကိုတင်မောင်လွင်-မစီစီသိန်း မိသားစုတို့ ဦးဆောင်စုပေါင်း၍ အလှူတော်ငွေကျပ် ၁၂၅၇၀၅၀ကို အလှူရှင်များကိုယ်စား ဝေယျာဝစ္စအဖွဲ့မှ ဦးအုန်း၊ ဦးစန်းမြင့်၊ ဦးကျော်ရွှေတို့က ဆရာတော်ကြီးရှေ့မှောက်၌ နာယကလူကြီးများထံ ပေးအပ်လှူဒါန်းခဲ့သည်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ယုခိုင်၊ဇနီး ဒေါ်မူမူအေး၊ သားမောင်ကျော်ခန့်ယုခိုင်၊ မောင်သီဟခိုင်၊ သမီး မခင်ရူပါယုခိုင် မိသားစုက အလှူတော်ငွေကျပ် ၁၅၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းနာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမများအားရည်စူး၍ ရန်ကုန်မြို့ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ပတ္တမြားလမ်းနေ ဦးစံမြင့်-ဒေါ်ခင်တင့် သားသမီးမြေး မိသားစုက အလှူတော်ငွေကျပ် ၁၅၀၀၀၀ကို လှူဒါန်းရာ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ဒဂုံမြို့သစ်တောင်ပိုင်း (၂၁) ရပ်ကွက်၊ လှော်ကားလမ်းနေ ဦးမြဝင်း-ဒေါ်တင်တင်မြင့်၊ သား မောင်ထက်အောင်လှိုင်၊ သမီး ရွှန်းမြမြအောင် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၂၀ ၃။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လှိုု့ဝှက်ချက်" (အပိုင်း-၁၈)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ သံဃာ့ဂုဏ်ရည်မြတ်လယ်တီ - စိတ်တူ၊ကိုယ်တူ၊ညီတူအသင်းအဖွဲ့
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (အပိုင်း-၁၁)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

➪ ကျောဖုံးမှ

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ (၁)၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အဖွင့်အမှာစကားပြောကြားရာတွင်ယခုဆိုလျှင် ပြိုင်ပွဲကျင်းပမည့်ရက်သည် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၍ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းဆိုင်ရာ ကိစ္စအဝဝကို သတ်မှတ်ရက်အပြီး ကြိုးစားကာ ဝီရိယထားဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း၊ ကော်မတီ၊ ဆပ်ကော်မတီများအနေနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် သက်ဆိုင်ရာ အစိုးရရုံးများ၊ ဝန်ကြီးဌာနများ၊ တပ်မတော်ဆိုင်ရာဌာနကြီးများနှင့်သော် လည်းကောင်း၊ မိမိတို့ဆပ်ကော်မတီအချင်းချင်းသော်လည်းကောင်း ဆက်စပ်ညှိနှိုင်းလုပ်ဆောင်ကြခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်ပိုမိုမြန်ဆန်ချောမွေ့လာမည်ဟုယူဆကြောင်း။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ လာရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အင်အား စာရင်းများကိုလည်း သက်ဆိုင်ရာပြည်နယ်တိုင်းများက ပေးပို့လျက်ရှိကြောင်း၊ ပြိုင်ပွဲဝင်များ နေပြည်တော်သို့ရောက်ရှိလာသည့် အခါတွင် စနစ်တကျနှင့် စိတ်ချမ်းသာစွာ၊အဆင်ပြေလွယ်ကူချောမွေ့စွာတည်းခိုနေထိုင်သွားလာပြီး အောင်အောင်မြင်မြင် ပါဝင်ယှဉ်ပြိုင်ဆင်နွှဲနိုင်ရန်အတွက်လည်း သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများ ကြိုတင်ဆက်သွယ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီတို့ကလည်း အခြားသော ကော်မတီ၊ ဆပ်ကော်မတီအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း၊ ဗဟိုအကဲဖြတ်ပညာရှင်၁၅၀ကျော်နှင့် ပြည်နယ်နှင့်တိုင်းအကဲဖြတ်ပညာရှင် ၁၆၀ခန့်အတွက် တည်းခိုနေထိုင်ရေးလိုလေသေးမရှိအောင် ဂရုစိုက်လုပ်ဆောင်ပေးကြရန်လည်း မှာကြားလိုကြောင်း။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့ပြင် ယခုနှစ်ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပြိုင်ပွဲဝင်ဇာတ်နှစ်ဖွဲ့၊ မန္တလေးတိုင်းက တစ်ဖွဲ့၊ စစ်ကိုင်းတိုင်း တစ်ဖွဲ့နှင့်မကွေးတိုင်းတစ်ဖွဲ့ စုစုပေါင်း ငါးဖွဲ့ပါဝင်ယှဉ်ပြိုင် မည်ဖြစ်ပြီး ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ၌လည်း ရန်ကုန်တိုင်း နှစ်ဖွဲ့၊ မန္တလေးတိုင်းတစ်ဖွဲ့၊ စစ်ကိုင်းတိုင်း တစ်ဖွဲ့နှင့်ဧရာဝတီတိုင်း တစ်ဖွဲ့ စုစုပေါင်းငါးဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု၏ တာတမံများဖြစ်သည့်ဤပြိုင်ပွဲများကို နေပြည်တော်တစ်ဝိုက်တွင် နေထိုင်ကြသည့် ပြည်သူများနှင့် အခြားပြည်နယ်နှင့်တိုင်းများမှ တကူးတက လာရောက်အားပေးကြမည့် ဝါသနာရှင်များအစစအဆင်ပြေစွာ လာရောက်ကြည့်ရှုအားပေးနိုင်ရန် လိုအပ်သည်များကို အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြပါရန်မှာကြားလိုကြောင်း။

ဤသို့အကောင်းဆုံးဖြစ်ရန် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီး၏ ဦးတည်ချက်(၇)ရပ်ကို ပြည်သူလူထုက ပိုမိုကျယ်ပြန့်စွာတွေ့မြင်သိရှိ နားလည်သွားမည်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်ပြည်သူ လူထုတစ်ရပ်လုံးအတွက် အကျိုးအမြတ်များစွာ ရရှိသွားနိုင်မည်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာကြားလိုသည်မှာ ဤပြိုင်ပွဲကြီးသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ပြိုင်ပွဲကျင်းပမည့် ရေဆင်းတက္ကသိုလ်နယ်မြေတစ်ဝိုက် သန့်ရှင်းသာယာလှပရေး၊ ရောဂါဘယ ကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာကော်မတီများနှင့် အဖွဲ့အစည်းများက ဦးဆောင်ပြီး နယ်မြေခံတက္ကသိုလ်မှ တာဝန်ရှိသူများ၊ပါမောက္ခချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းသွားရမည်ဖြစ်ကြောင်း။

(၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးအဆင်ပြေချောမွေ့စွာနှင့် အောင်အောင်မြင်မြင်ကျင်းပပြီးစီးနိုင်ရေးအတွက် ယနေ့တက်ရောက်လာကြသည့်တာဝန်ရှိသူအသီးသီးနှင့် ကော်မတီ၊ ဆပ်ကော်မတီဝင်များမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လိုအပ်ချက်ရှိသည်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး ညှိနှိုင်းသွားကြရန်ဖြင့် ပြောကြားသွားသည်။

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြစေလိုကြောင်း၊ပြင်ဆင်ဆောင်ရွက်မှုများကို စနစ်တကျဆောင်ရွက်ပြီး လိုအပ်ချက်များကို ပြည့်စုံအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အကဲဖြတ်ဒိုင်အဖွဲ့၊ လုံခြုံရေး ကိစ္စနှင့် အခြားဘာသာရပ်အလိုက် ဆောင်ရွက်ရန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့ကဏ္ဍအလိုက် အချိန်မီပြီးစီးရေး ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း၊ ယခုနှစ် နေပြည်တော်၌ကျင်းပခြင်းသည် ယခင်ရန်ကုန်မြို့၌ကျင်းပခဲ့ခြင်းထက် ပိုမိုအဆင့်အတန်းမြင့်မြင့် ကျင်းပနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများအနေဖြင့် ကြိုတင်ဆောင်ရွက်မှု လုပ်ငန်းများကို ပြည့်စုံစွာဆောင်ရွက်ထားကြရန်နှင့် ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူးနေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❒ NLD မှ

မအူပင်မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခဲ့သည့် နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေး သန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက်ခဲ့ကြောင်း၊ NLDပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

နယ်စပ်ဒေသရှိ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆန်တန်ချိန် ၁၀၀၀၀ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ နယ်စပ်ဒေသရှိ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆန်တန်ချိန် ၁၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားတိုင်းပြည်များ အကူအညီပေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်ရွှမ်းရှန်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်ဒေသရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သော တောင်သူများအတွက် ဆန်တန်ချိန် ၁၀၀၀၀လွှဲပြောင်းသည့် စာချွန်လွှာကို နှစ်ဖက် လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုးကန့်ဒေသသို့ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးသည့် ယွမ်ငါးသန်း စီမံကိန်းမှ ယွမ်ငါးသိန်းတန်ဖိုးရှိ ငှက်ဖျားကာကွယ်ဆေးများ ပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ဇောတို့က လက်ခံကြသည်။

ထို့နောက် ပထမအဆင့် ကိုးကန့်ဒေသသို့ရောက်ရှိလာသော ဆန်တန်ချိန် ၅၀၀မှ ဒေသအလိုက် ဆက်လက်ဖြန့်ဝေပေးမည့် ဆန်များအတွက် ဆန်အိတ်များကို ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်နှင့် တရုတ်ကိုယ်စားလှယ်များက ပေးအပ်ကြရာ ဒေသခံတိုင်းရင်းသားများက လက်ခံရယူကြသည်။

ဆက်လက်၍ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် စားနပ်ရိက္ခာဖူလုံရေးနှင့် အစားထိုး ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ယွမ်ငါးသန်းထောက်ပံ့ရေး အစီအစဉ်အရ မူကွာကြိုင်းရွာတစ်ဝိုက် စိုက်ပျိုးထားရှိသည့် အထွက်တိုးကြံများ စိုက်ပျိုးဖြစ်ထွန်းမှုနှင့် မန်ခါးနှင့် ဆီအောရွာများတစ်ဝိုက် စိုက်ပျိုးထားသည့် အထွက်တိုး စပါးနှင့် ပြောင်းများ စိုက်ပျိုးဖြစ်ထွန်းမှုကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးမှုကိစ္စရပ်များဆောင်ရွက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများအဆင့် ညှိနှိုင်းအစည်းအဝေးကို လောက်ကိုင်မြို့ ရင်ဖုန်းဟိုတယ်၌ စက်တင်ဘာ ၁၉ရက် မွန်းလွဲ ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များက မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆောင်ရွက်ချက် အောင်မြင်မှုများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများ ရှင်းလင်းပြောကြားကြပြီး ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများ၏ အရေးပေါ်စားနပ်ရိက္ခာလိုအပ်ချက်များ ထောက်ပံ့ဖြည့်ဆည်းပေးရေးနှင့် ရေရှည်ဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

(သတင်းစဉ်)

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် အစည်းအဝေးတက်ရန် ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၅

စပိန်နိုင်ငံ မဒရစ်မြို့၌ စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် အထူးအစည်းအဝေးသို့တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါ ဆေးဝါးနှင့်ဆောက်လုပ်ရေးလုပ်ငန်း)နှင့် အထွေထွေအတွင်းရေးမှူး ဦးရော်ဘင်တင်**(ဝဲပုံ)**တို့သည် စက်တင်ဘာ ၂၃ရက် ည ၈ နာရီတွင် ထွက်ခွာသွားကြောင်းသိရသည်။ (ကြေးမုံ)

❍ သစ်သီးဝလံမှ

မစားသုံးသူများနှင့်စာလျှင် လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေသည် ၂၆ရာခိုင်နှုန်းအထိ ပိုမိုလျော့ပါးနိုင်ကြောင်း သိရသည်ဟုဆိုသည်။ ယခုလေ့လာမှုများကို လူပေါင်း ၂၅၇၅၀၀ကျော်တို့ကို စိစစ်လေ့လာပြီးမှဖော်ထုတ်သိရှိလာခြင်းဖြစ်သည်။

ရောဂါများဖြစ်ပွားမည့်အခြေအနေလျော့ပါး

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများစွာ စားသုံးခြင်းသည် လေဖြတ်ရောဂါ ဖြစ်ပွားမှု အလားအလာကိုသာ နည်းပါးစေသည်မဟုတ် နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် အခြားသောရောဂါများဖြစ်ပွားမည့် အခြေအနေကိုပါ လျော့ပါးစေနိုင်သည်ဟုဆိုသည်။

ဗြိတိန်တစ်နိုင်ငံတည်း၌ပင် နှစ်စဉ်လေဖြတ်သူ ၁၅၀၀၀၀ ကျော်ရှိပြီး လူပေါင်း ၇၀၀၀၀နီးပါးမှာ နှစ်စဉ်သေဆုံးကြရသည်။

ဖော်ပြပါကောက်ချက်ချနိုင်ရန် သုတေသီများသည် ဗြိတိန်နိုင်ငံမှ စာရင်းဇယားအချက်အလက်များကိုသာမက ဥရောပနိုင်ငံများ၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံများမှ အချက်အလက်များကိုလည်း ရယူလေ့လာခဲ့သည်။

ယခုလေ့လာမှုကို ဒေါက်တာဖန်ဟီးဆိုသူက ဦးဆောင်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ သစ်သီးဝလံဟင်းသီးဟင်းရွက်များတွင် ဗီတာမင်စီဓာတ်၊ ဘီတာကယ်ရိုတင်းဓာတ်၊ ပိုတက်စီယံဓာတ်များအပြင် အပင်မှရသော ပရိုတိန်းဓာတ်နှင့် အမျှင်ဓာတ်များလည်း များစွာပါဝင်သည့်အတွက် လူ့ကျန်းမာရေးကို အထောက်အကူပြုခြင်းဖြစ်သည်ဟု ပါမောက္ခဂရာဟမ်မက္ဂရီကာက ပြောကြားသည်။ **အင်တာနက်။**

ကြံခင်းအထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၆ရက် (သီတင်းကျွတ်လပြည့်နေ့) သောကြာနေ့ နံနက် ၉နာရီတွင် ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။ တာဝန်ထမ်းဆောင်ခဲ့ကြဖူးသော အသက်(၆၀)နှစ်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အကန်တော့ခံ ကြွရောက်ပါရန်နှင့် တပည့်များအားလုံး တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေ ထည့်ဝင်လိုသူများနှင့် ကြံခင်းမြို့သို့ လိုက်ပါလိုသူများသည် အောက်တိုဘာ ၁ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း ၀၁-၆၃၆၇၈၀၊ တွဲဖက်အတွင်းရေးမှူးဦးစိန်ဌေး ၀၁-၂၅၆၇၈၄၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ၀၁-၅၄၁၀၆၅ နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ၀၁-၆၅၁၂၄၇တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး အောက်တိုဘာ ၅ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် “ကောင်းစံ”ဆန်၊ ဆီရောင်းဝယ်ရေး အမှတ်(၁၁၉/အေ) ပြည်လမ်း (၁၀)မိုင်မှ မော်တော်ယာဉ်ဖြင့် ကြံခင်းမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တာမွေမြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း မိဘဆရာ အသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၃ ရက်ကကျင်းပရာ လေးနှစ်ဆက်တိုက် ပထမဆုရ ကျောင်းသူ မအေးမြမြစိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၃)ရပ်ကွက် ဗိုလ်ချို(၁)လမ်းနေ ဦးခင်မောင်ဝင်း-ဒေါ်တင်တင်မြင့်၊ သားကြီး မောင်အောင်ငွေသိုက်၊ သားငယ် မောင်ရဲဝင့်ထိုက် မိသားစုက မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကစာအောင်ဆုနှင်း ပဒေသာပင်အတွက် အလှူတော်ငွေ ကျပ် ၁၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည့်စွက်ပတ်ရှုပါရန်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (သက်တော် ၆၁နှစ်၊ သိက္ခာတော် ၄၂ဝ)ရှိ ဆရာတော်ကြီးသည် ၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက် [၂၄-၉-၂၀၀၆(တနင်္ဂနွေနေ့)] ထိုင်းနိုင်ငံ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅ မိနစ်၊ မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်အချိန်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၆ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ ရက်မှ ၂၅ ရက်အထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၇ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု (ပထဝီဝင်နှင့် သမိုင်းမှအပ) ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် ဒဂုံတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်။ ပထမနှစ် မြန်မာစာအထူးပြုကျောင်းသားများသည် အထက(၁) မြောက်ဥက္ကလာပ၊ အထက(၂) မြောက်ဥက္ကလာပ၊ အထက(၃) မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကလာပ၊ အထက(၅) မြောက်ဥက္ကလာပတို့၌ လည်းကောင်း၊ ပထမနှစ် မြန်မာမှုပညာ၊ ရသစာပေအရေးအသား၊ အရှေ့တိုင်းပညာ အထူးပြုကျောင်းသားများသည် အထက(၅) မြောက်ဥက္ကလာပ၌ လည်းကောင်း၊ ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသားများသည် အထက(၁)တောင်ဥက္ကလာပ၊ အထက(၂)တောင်ဥက္ကလာပတို့၌လည်းကောင်း၊ ပထမနှစ် စိတ်ပညာအထူးပြုကျောင်းသားများသည် အထက(၃)တောင်ဥက္ကလာပ ၌လည်းကောင်း၊ ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားများသည် အထက(၃) ဒဂုံမြို့သစ်(မြောက်ပိုင်း)၌လည်းကောင်း၊ ပထမနှစ် ဒဿနိကဗေဒ အထူးပြုကျောင်းသားများသည် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့၌လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု(ပထဝီဝင်နှင့် သမိုင်းမှအပ) ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာ အထူးပြုများအားလုံးသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု(ပထဝီဝင်နှင့် သမိုင်းမှအပ) ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာ အထူးပြုများအားလုံးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲ အသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြု(ပထဝီဝင်နှင့် သမိုင်းမှအပ) ဥပဒေပညာ၊ စတုတ္ထနှစ် ဥပဒေပညာအထူးပြုအားလုံးသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများနှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် လှိုင်မြို့နယ် ကန်လမ်းသွယ်(၃)နေ ဒုတိယဗိုလ်မှူးကြီးခင်မောင်လတ်(ငြိမ်း)-ဒေါ်ကြည်ကြည်မြင့်၊ သား မောင်နေမျိုးလတ်၊ သမီး မအေးသီတာလတ်၊ မအေးသန္တာလတ် မိသားစုက ကိုးလက်မပတ်လည် ရွှေချပြီးရွှေပြား ၂၀ချပ်(ကျပ်တစ်သိန်း)ကို ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ရုံး စုပေါင်းရုံးဝင်းသို့ လာရောက်လှူဒါန်းရာ ဆီမီး ၉၉၀၀ အဖွဲ့ နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်နှင့် တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးတို့ လက်ခံရယူကြစဉ်။ (၆၁)

ဘဏ္ဍာ/အခွန်က ကာကွယ်ရေးကို အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂၅

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ကာကွယ်ရေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း သုံးဂိုး
(သိန်းထွန်းဝင်း၊ စိုးမြတ်မင်းနှင့် အောင်ကျော်မိုး-တစ်ဂိုးစီ)

ကာကွယ်ရေးအသင်း နှစ်ဂိုး
(နေဝင်းအောင်နှင့် ရဲဝေယံစိုး)

ဒိုင်လူကြီး ဦးစိုးမိုးကျော်

ဘဏ္ဍာ/အခွန်အသင်းသည် သုံးပွဲကစား၊ သုံးပွဲနိုင် ကိုးမှတ်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေပြီး ကာကွယ်ရေးအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်ရရှိထားသည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
(သုဝဏ္ဏကွင်း)
လျှပ်စစ်စွမ်းအားနှင့် လယ်/ဆည်
(ကြေးမုံ)

ဘင်ဖီကာအသင်းကို ရှုံးကြွေးဆပ်ရန် မန်ချက်စတာယူနိုက်တက်ပြင်ဆင်

လစ္စဘွန်း စက်တင်ဘာ ၂၅

မန်ချက်စတာယူနိုက်တက်အသင်းသည် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဘင်ဖီကာအသင်းကို ရှုံးကြွေးပြန်ဆပ်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း စက်တင်ဘာ ၂၅ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

မန်ချက်စတာယူနိုက်တက်အသင်း အုပ်စု(စ)ပွဲစဉ်အဖြစ် အင်္ဂါနေ့တွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ဘင်ဖီကာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် လွန်ခဲ့သည့်နှစ်က အရှုံးနှင့်ရင်ဆိုင်ရကာ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲမှ ထွက်ခွာခဲ့ရမှုကို ပြန်လည်ချေဖျက်ရန် စိတ်အားထက်သန်လျက်ရှိသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် လွန်ခဲ့သည့်နှစ်က ဘင်ဖီကာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ယမန်နှစ် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၌ ရှုံးထွက်အဆင့်မှ ပထမဆုံးအကြိမ် ထွက်ခဲ့ရသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် စက်တင်ဘာ ၁၃ရက်က ကျင်းပသည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ဆဲလ်တစ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာနက်။

အင်တာနက် အားကစား သတင်းများ

ချယ်လ်ဆီးအသင်း အသင်းခေါင်းဆောင် ဂျွန်တယ်ရီ။
(ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ရောက်ရှိလာ

လန်ဒန် စက်တင်ဘာ ၂၅

ချယ်လ်ဆီးအသင်း၏အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် လေ့ကျင့်ရေးကွင်းသို့ တနင်္လာနေ့တွင် ပြန်လည်ရောက်ရှိလာကြောင်း၊ ၎င်းသည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် လက်ဗ်စကီးဆိုဖီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲအတွက် ကြံ့ခိုင်မှုရှိမရှိ စမ်းသပ်မှုခံယူရမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၅ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

နောက်တန်းဘောလုံးသမား ဂျွန်တယ်ရီသည် စနေနေ့က ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့သောပွဲတွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ လေ့ကျင့်ကစားနေချိန်အတွင်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သောကြောင့်ဖြစ်သည်။

အသက် ၂၅နှစ်အရွယ်ရှိ ဂျွန်တယ်ရီသည် ကုသမှုခံယူခဲ့ပြီးနောက် နာလန်ထူလာခဲ့ပြီဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံတွင် ဗုဒ္ဓဟူးနေ့၌ ကျင်းပမည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဂျွန်တယ်ရီပါဝင်ကစားနိုင်ခြင်းရှိမရှိ ချယ်လ်ဆီးအသင်း၏ နည်းပြ ဟိုဆေးမော်ရင်ညိုက အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

အင်တာနက်။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဥရုဂွေးအသင်းမှ ဒါရီယိုဆေးလ်ဗား ယှဉ်ပြိုင်ကစားနေပုံကို မှတ်တမ်းဓာတ်ပုံ၌ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပို့စ်မောက်အသင်း တိုက်စစ်မှူးဟောင်း ဒါရီယိုဆေးလ်ဗား ခြေတစ်ဖက်ဆုံးရှုံး

မွန်တီဗီဒီယို စက်တင်ဘာ ၂၅

ပို့စ်မောက်အသင်း၏ တိုက်စစ်မှူးဟောင်း ဒါရီယိုဆေးလ်ဗားသည် ဥရုဂွေးနိုင်ငံတွင် မော်တော်ယာဉ် မတော်တဆမှုဖြစ်ပွားပြီးနောက် အရေးပေါ် ခွဲစိတ်ကုသမှုခံယူလိုက်ရကြောင်း၊ ၎င်းသည် ညာခြေထောက်တစ်ဖက် ဖြတ်လိုက်ရကြောင်း စက်တင်ဘာ ၂၅ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် (၃၃)နှစ်အရွယ်ရှိ ဆေးလ်ဗားသည် မွန်တီဗီဒီယိုမြို့တွင် ပုဂ္ဂလိကမော်တော်ယာဉ်ဖြင့် သွားလာနေစဉ် ၎င်းစီးလာသည့်ကားမှာ အရှိန်မထိန်းနိုင်ဘဲ ဓာတ်တိုင်ကို ဝင်ရောက်တိုက်မိခဲ့သည်။

ဆေးလ်ဗားသည် ဥရုဂွေးလက်ရွေးစင်အသင်းအတွက် ၄၉ပွဲကစားခဲ့ရာတွင် ၁၅ဂိုးသွင်းယူခဲ့သည်။ ၎င်းသည် ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ အိမ်ရှင်အဖြစ် ပူးတွဲကျင်းပသည့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဥရုဂွေးအသင်း၌ ပါဝင်ကစားခဲ့သူဖြစ်သည်။

ဆေးလ်ဗားသည် ပို့စ်မောက်အသင်းမှ ဖေဖော်ဝါရီလတွင် နုတ်ထွက်ခဲ့ပြီးနောက် လောလောဆယ်တွင် မည်သည့်အသင်းတွင်မျှ ပါဝင်ကစားခြင်းမရှိပေ။ ***အင်တာနက်။***

အင်တာမီလန်က ချီယေဗိုအသင်းကိုအနိုင်ရ တိုက်စစ်မှူး ဟာနန်ခရက်စပိုတစ်ဦးတည်း နှစ်ဂိုးသွင်း

မီလန် စက်တင်ဘာ ၂၅

အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲကို တနင်္ဂနွေနေ့က ကျင်းပရာတွင် အင်တာမီလန်အသင်းက ချီယေဗိုအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည်။ ယခုပွဲတွင် တိုက်စစ်မှူး ဟာနန်ခရက်စပိုက နှစ်ဂိုးသွင်းယူခဲ့သည်။

အင်တာမီလန်အသင်းသည် ယခုပွဲတွင် အနိုင်ရရှိပြီးနောက် စီးရီးအေဘောလုံးပြိုင်ပွဲတွင် ပထမနေရာသို့ ရောက်ရှိလာသည်။ ***အင်တာနက်။***

အကောက်ခွန်ဦးစီးဌာန အမှုထမ်းရာထူးနေရာများ အရည်အချင်းစစ်စာမေးပွဲ စစ်ဆေးခြင်း

၁။ အကောက်ခွန်ဦးစီးဌာန အမှုထမ်းရာထူးနေရာ လျှောက်လွှာတင်သွင်း ထားသူများအနက် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်းနှင့် ခုံအမှတ်စာရင်းကို (၂၈–၉–၂၀၀၆)နေ့တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်မြို့၌ ကြေညာထားမည်ဖြစ်သည်။

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၂၈–၉–၂၀၀၆)နေ့မှစတင်၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးလက်မှတ်(မူရင်း) တင်ပြ၍ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) စီမံရေးရာဌာန၌ ထုတ်ယူနိုင်သည်။

၃။ အရည်အချင်းစစ်စာမေးပွဲကို (၇–၁၀–၂၀၀၆)နေ့တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ အောက်ပါအတိုင်း ဖြေဆိုရမည်–

(က) သင်္ချာ ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ။

(ခ) အင်္ဂလိပ်စာ ၁၃း၀၀ နာရီမှ ၁၅း၀၀နာရီအထိ။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ ဖြေဆိုခွင့်ကတ်ပြားနှင့် နိုင်ငံသား စိစစ်ရေးလက်မှတ်တစ်ပါတည်း ယူဆောင်လာရမည်။ တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို (၁၈–၁၀–၂၀၀၆)နေ့တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၌ကြေညာမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းအတွက် နေ့ရက်၊ အချိန်၊ နေရာတို့ကိုပါ ထည့်သွင်းကြေညာမည်ဖြစ်သည်။

အကောက်ခွန်ဦးစီးဌာန

(၆)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သောသားကြီး မောင်ရွှေစည်တိုးဝင်း (အထက–၁၊ ဒဂုံ၊ Grade II B) ၂၆–၉–၂၀၀၆ ရက်တွင် ကျရောက်သော (၆)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် သက်ထက်ဆုံးချစ်သော မိသားစုနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ယဉ်ကျေးလိမ္မာထူးချွန်ထက်မြက်သော သားကောင်းရတနာလေးအဖြစ် ဘဝခရီးလမ်းကို သာယာပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ချစ်ခြင်းမေတ္တာများစွာဖြင့် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

သားကြီးကိုချစ်သော
နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားနှင့်
ပါပါး–ဦးတိုးဝင်း
မေမေ–ဒေါ်အေးအေးဝင်း
ညီညီ–မောင်အာကာတိုးဝင်း(Royal Pree School)

ရှောင်လေဝေးဝေး

မူးယစ်ဆေး

ဥယျာဉ်ကျောင်းတိုက် ရွှေရတုတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်း လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက်၊ ဥယျာဉ်ကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်အဖွဲ့ခွဲ (၂၂၇)၏ အကြိမ်(၅၀)မြောက် ရွှေရတုတရားစခန်းပွဲကို ၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဥယျာဉ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ စန္ဒိမာက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်ကို အောက်တိုဘာ ၈ရက်မှ ၁၄ရက်အထိ ခုနစ်ရက်တိုင် ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အောက်တိုဘာ ၇ရက် ညနေ ၅ နာရီအရောက် ကြွရောက်ရန်နှင့် လှူဒါန်းလိုသူများ ဖုန်း–၆၂၉၅၁၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရွှေပါရမီ Shopping Mall

" ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လွှာ "

ဝါဝါဝင်း၏ လှိုင်မြို့နယ်၊ ပါရမီလမ်းရှိ ရွှေပါရမီ Shopping Mall ဖွင့်လှစ်ပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ကြသော တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးကြသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ရွှေပါရမီ Shopping Mall

ပြိုင်ပွဲဝင်များ နေပြည်တော်သို့ရောက်သည့်အခါ အဆင်ပြေချောမွေ့စွာ တည်းခိုသွားလာယှဉ်ပြိုင်ဆင်နွှဲနိုင်ရန် သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများ ကြိုတင်ဆက်သွယ်ဆောင်ရွက်ရန်လို (၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ညှိနှိုင်း

နေပြည်တော် စက်တင်ဘာ ၂၅

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ၌ မိုးသက်လေပြင်းကျရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၂၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်၌ ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိပြီး အနောက်ဘက်သို့ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့နံနက်မှနောက် ၄၈ နာရီအတွင်း မြန်မာနိုင်ငံ အရှေ့ပိုင်း၊ အလယ်ပိုင်း၊ မြစ်ဝကျွန်းပေါ် ဒေသများနှင့် တောင်ပိုင်းဒေသများ၌ နေရာကျဲကျဲ မိုးရွာသွန်းနိုင်ပြီး ကမ်းရိုးတန်းဒေသများ၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ မအူပင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်း မအူပင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျုံပါကျေးရွာမှ ဦးစောမောင်၊ ဦးတင်စိန်နှင့် ဦးမြင့်လွင်တို့သည် ဩဂုတ် ၁၅ ရက်တွင် **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့**လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

အင်တာနက်ကျန်းမာရေးသတင်း

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များများစားလျှင် လေဖြတ်ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ဟုဆို

လန်ဒန် စက်တင်ဘာ ၂၅

နေ့စဉ်စားသုံးသောအစားအစာတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များများ စားသုံးခြင်းဖြင့် လေဖြတ်သည့်ရောဂါဖြစ်ပွားနိုင်မှု အလားအလာကိုလျှော့ချနိုင်ကြောင်း သိပ္ပံပညာရှင်များက လေ့လာသိရှိခဲ့ကြသည်။

အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များစွာ စားသုံးသူသည် အသီးအရွက် မစားသုံးသူများထက် လေဖြတ်နိုင်ချေ ၁၁ ရာခိုင်နှုန်း လျော့ပါးစေနိုင်ကြောင်း စာစောင်က ဖော်ပြသည်။

ပုံမှန်အားဖြင့် သစ်သီးဝလံစားသုံးသည်ထက် နေ့စဉ်ငါးကြိမ်မက သစ်သီးဝလံစားသုံးသူများသည် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**



ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံကို နေ့စဉ် များများ စားသုံးသူများသည် မစားသုံးသူများနှင့် နှိုင်းယှဉ်ပါက လေဖြတ်နိုင်သည့် အလားအလာကို ၁၁ ရာခိုင်နှုန်း လျော့ပါးစေသည်။

(ဓာတ်ပုံ-အင်တာနက်)